5	U Than Win	Myanmar 9/Ma Hta La (Naing) 014804	Director	10	No.91,1st Street, Pauk Chaung Ward, Meikhtila T/S, Mandalay Division.
6	U Kyaw Win Maung	Myanmar 12/Ka Ma Ya (Naing) 035532	Director	10	No.(65),Yadanarmyaing Street, Ward No(1),Kamaryut T/S,Yangon.

နောက်ဆက်တွဲ (၂)

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Building to be Constructed.

Sr No.	Description	No.	Unit Price (kyat)	Total Value (kyat)
1	Toll Gate Building (100'x100') = 10000 sq ft 1 sqft 3000	3	30000000	90,000,000
2	Office Building (30' x 40') = 120 sq ft 1 sqft 10000	2	12000000	24,000,000
	Total Expense for Building			114,000,000

လျှို့ဝှက်

၄၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

နှင့်

"နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်"

တို့အကြားချုပ်ဆိုသည့်

တောင်ကြီး–လွိုင်လင်–နမ့်စန်လမ်း

အပိုင်းကို

ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေး နှင့် လွှဲပြောင်းပေးရေး

(BUILD OPERATE AND TRANSFER)

ပဋိညာဉ်စာချုပ်

ကန်ထရိုက်နံပါတ် (၂၀၁၀–၁၁/ဘီအိုတီ/)

ရက်စွဲ။ ၂၀၁၁ခုနှစ်၊ လ၊ ( )ရက်

လျှို့ဝှက်

၅၀

တောင်ကြီး--လွိုင်လင်–နမ့်စန်လမ်းကို ပြုပြင် ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (BUILD OPERATE AND TRANSFER) ပဋိညာဉ်စာချုပ်

ဤစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၀ ခုနှစ်၊ လ ( ) ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဦးကျော်လင်း ကိုယ်စားပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အဦအမှတ် (၁၁)၊ နေပြည်တော် (ဤမှ နောင်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက၊ ယင်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ် သူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

မန်းနေးဂျင်းဒါရိုက်တာ၊ ဦးရန်နိုင်ကိုယ်စားပြုသော နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှတ် (၅၂/ B)၊ အင်းယားလမ်း၊ အမှတ် (၁၀) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ (ဤမှနောင်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ဟု ရည်ညွှန်းခေါ်ဆိုရမည်ဖြစ်ရာ ယင်းစကားရပ်တွင် စာသားများ အရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ယင်း၏တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းနှင့်တံတားအသုံးပြုခနှင့် အခြားအကျိုးခံစားခွင့်များကို ထည့်သွင်း ...်းစား၍ စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ...ဒနှင့်အညီ နှစ်ဦးနှစ်ဖက်အကြေအလည်ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း သဘောတူကြပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူပိုင်စက်ယန္တရားများ"** ဆိုသည်မှာ ဤစီမံကိန်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပျက်စီးသည့်အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာတန်ဆာပလာပစ္စည်းများကို ခေါ်ဆိုသည်။ အမြဲတမ်းလုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။

(ခ) **"ပစ္စည်း"** ဆိုသည်မှာ (စက်ရုံ၊ အလုပ်ရုံများမှအပ) ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ ဝယ်ယူသည့် လိုအပ်ပါကနိုင်ငံခြားမှ မှာယူတင်သွင်းသော ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများအားလုံးကို ခေါ်ဆိုသည်။

(ဂ) "အမြဲတမ်းလုပ်ငန်းများ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သောပုံစံပြု ဆောင်ရွက်ရမည့် အမြဲတမ်းလုပ်ငန်းများကို ခေါ်ဆိုပါသည်။

(ဃ) **"စက်ရုံ၊ အလုပ်ရုံ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**မှ ဤစီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သော အမြဲတမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စက်ပစ္စည်း၊ ကိရိယာ (လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသည့် စက်ပစ္စည်း၊ ကိရိယာ) များတပ်ဆင်သည့် စက်ရုံ၊ အလုပ်ရုံကိုခေါ်ဆိုသည်။

(င) **"အပိုင်း"** ဆိုသည်မှာ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ တာဝန်ယူ ပုံစံပြုဆောက်လုပ်ရမည့်လုပ်ငန်းတစ်စိတ်တစ်ပိုင်းကို ဆိုလိုသည်။

(စ) **"လုပ်ငန်းခွင်နေရာ"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းတစ်စိတ်တစ်ပိုင်း၏နေရာများ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**မှ လုပ်ငန်းဆောင်ရွက်ရန်သတ်မှတ်ပေးထားသည့်နေရာများ၊ ရုံးအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံတည်ဆောက်ထားသည့်နေရာများ၊ ပစ္စည်းများ စုပုံထားသည့်နေရာများကို ခေါ်ဆိုပါသည်။

(ဆ) **"ယာယီလုပ်ငန်းများ"** ဆိုသည်မှာ ဤစီမံကိန်း **"လုပ်ငန်း"** ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်း၏ ပျက်စီးယိုယွင်းနေသည့် အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အထောက်အကူပြုသည့်လုပ်ငန်းများကိုခေါ်ဆိုပါသည်။

(ဇ) **"ပြောင်းလဲခြင်း"** ဆိုသည်မှာ ဤ ပဋိညာဉ်အပိုဒ် ၁၆ ပါ စည်းကမ်းချက်များ အရ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ တရားဝင်ကိုယ်စားလှယ်မှအတည်ပြုပြီးသောလုပ်ငန်းပြောင်းလဲခြင်း၊ (သို့မဟုတ်) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ တရားဝင်ကိုယ်စားလှယ်မှ လုပ်ငန်းသဘာဝအရ လုပ်ငန်းပိုမိုကောင်းမွန်စေရန် လုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန် တရားဝင်ညွှန်ကြားသည့်လုပ်ငန်းများကို ဆိုလိုသည်။

(ဈ) **"စာချုပ်"** ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ကိုဆိုလိုသည်။

(ည) **"လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ်"** (Final Completion Certificate) ဆိုသည်မှာ ပဋိညာဉ်စာချုပ်၏ **နောက်ဆက်တွဲ(က)**ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်းသတ်မှတ်ချက်များ (Technical Specifications) နှင့်အညီ လမ်းမကြီးကို ဖောက်လုပ်ပြီးစီးသည့်အခါ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ စစ်ဆေး၍ ယင်းနည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစွာဖောက်လုပ်ထားကြောင်း တွေ့ရှိချိန်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အား "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ ထုတ်ပေးသည့်လက်မှတ်ဖြစ်သည်။

(ဂ) **လမ်းဟောင်းကိုချဲ့ခြင်း (Widening) နှင့်ထပ်ပိုးလွှာတင်ခြင်း (Overlay)။** လမ်းဟောင်းကိုချဲ့ခြင်းနှင့်ထပ်ပိုးလွှာတင်ခြင်းဆောင်ရွက်ရာတွင် လမ်းသုတေသနဓါတ်ခွဲခန်းမှ အတည်ပြုပေးထားသည့် လမ်းသားအထုနှင့် သတ်မှတ်ပေးသည့် တည်ဆောက်ပုံနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ ထပ်မံတိုးချဲ့ခြင်း နှင့် ထပ်ပိုးလွှာတင်သည့်အပိုင်းကို ကျစ်လျစ်သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် ခင်းကြိတ်ရမည်။

(ဃ) **ဒု-အခြေခံလွှာ။** ဒု-အခြေခံလွှာ၏ အနည်းဆုံးလိုအပ်ချက်မှာ ကျောက်ရောမြေ (သို့မဟုတ်) ဂဝံ (သို့မဟုတ်) ခွဲကျောက်အား (၁၂) လက်မ (သိပ်သည်းပြီး) ရရှိအောင် ကြိတ်ထားသောအလွှာကို ခေါ်ဆိုပါသည်၊ သတ်မှတ်သိပ်သည်းမှုမှာ (၉၅) ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၃၀) ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းအထက်ရှိစေရမည်။

(င) **အခြေခံလွှာ။** ဒု-အခြေခံလွှာနှင့်အပေါ်မျက်နှာပြင်အကြားရှိပြီး အနည်းဆုံး ခွဲကျောက်ကို (၆)လက်မထုသိပ်သည်းလွှာရရှိအောင် ဆောင်ရွက်ရမည့်အလွှာဖြစ်ပါသည်၊ စီ-ဘီ-အာ (ရေစိမ်)တန်ဖိုးသည် (၈၀) ရာခိုင်နှုန်းအထက် ရှိစေရမည်။

(စ) **လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course)။** လက်ရှိ လမ်းမျက်နှာပြင်အနေအထားအပေါ်မူတည်၍ (Penetration Macadam) မခင်းမီ လမ်းမျက်နှာပြင်ညှိလွှာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်။

(ဆ) **ကနဦးလွှာကတ္တရာလောင်းခြင်း။** ကတ္တရာရေပိတ်လွှာမလောင်းမီ လမ်းမျက်နှာပြင်အားဖုန်များ၊ သဲ့များ၊အမှိုက်သရိုက်များ သန့်ရှင်းအောင်ဆောင်ရွက်ရမည်၊ ရေပိတ်လွှာကတ္တရာအား "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရမည်။

(ဇ) **ကတ္တရာဖြင့် (Penetration Macadam)တည်ဆောက်၍ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းလုပ်ငန်း။** ကတ္တရာဖြင့် (Penetration Macadam) သိပ်သည်းပြီး (၃)လက်မအထုကို ကတ္တရာစိမ့်ဝင်မှု (၁.၅) လက်မရှိသော (Semi Grout) ရှိအောင် လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးနောက် ကတ္တရာရေပိတ်လွှာနှစ်ထပ်ကိုစံချိန်စံညွှန်းနှင့်အညီဆက်လက် တည်ဆောက်ရမည်။

(ဈ) **အမာခံလမ်းပုခုံး (Hard Shoulder) တည်ဆောက်ခြင်း။** လက်ရှိလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် အကျယ် (၃)ပေ၊ အထု (၉)လက်မ (သိပ်သည်းပြီး) ရှိသည့် ဂဝံ (သို့မဟုတ်) ကျောက်ရောမြေဖြင့် တည်ဆောက်ထားသည့် စီ-ဘီ-အာ ၂၅% (သို့မဟုတ်) ၃၀% အင်အားရှိသော လမ်းပုခုံးတည်ဆောက်ရပါမည်။ **[နောက်ဆက်တွဲ (က၊ က-၂ မှ က-၁၀)ပါအတိုင်း]**

(ည) ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ်သတ်မှတ်သည်။

(ဋ) ယာဉ်သွားလမ်း (၂)လမ်းအတွက် ကတ္တရာလမ်းသားအကျယ်မှာ (၂၄) ပေဖြစ်ရမည်၊ ပျမ်းမျှတစ်နေ့ယာဉ်အစီးရေ AADT (Annual Average Daily Traffic) (၂၀၀၀)ကျော်သွားသည့်အခါတွင် ကတ္တရာကွန်ကရစ် (Asphalt Concrete)တည်ဆောက်ပေးရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ လုပ်ငန်းလိုအပ်ချက်အရ တရားဝင်ညွှန်ကြားလာသည့်အခါ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က ယာဉ်သွားလမ်း (၂၄) ပေအကျယ် ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ ပျမ်းမျှ တစ်နေ့ ယာဉ်အစီးရေ (၂၀၀၀) ထက်ပိုမိုကျော်လွန်ပြီး (၂)လမ်းသွားနှင့်မလုံလောက်ပါက (၄)လမ်းသွား ကတ္တရာကွန်ကရစ်လမ်းတည်ဆောက်ပေးရမည်။

(ဌ) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန်စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် **တည်ဆောက်ပေးရမည်။**

(ဍ) တံတားများတည်ဆောက်ရာတွင် (AASHTO HS 20-44 **လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ**) ယာဉ် နှင့် ကုန် စုစုပေါင်းအလေးချိန် (၆၀) တန် ခံနိုင်ရန်တည်ဆောက်ပေးရမည်၊ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်)သံအားဖြည့်ဘိလပ်မြေကွန်ကရီတံတားကိုယ်ထည်များ ဖြစ်စေရပါမည်။ **[နောက်ဆက်တွဲ (က-၁) ပါအတိုင်း]**

"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ တာဝန်များ

၄။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်း-တံတားများအား B.O.T. စနစ်ဖြင့် လုပ်ကိုင်မှုကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က ကြီးကြပ်ကွပ်ကဲမှုပေးရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက်၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသော လမ်းကြောင်းတန်းမှ အတိုင်းရရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖောက်လုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (Final Completion Certificate) ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အား ထုတ်ပေးရမည်၊ လမ်းအသုံးပြုခကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များ

၅။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာပမာဏကို ဆောင်ရွက်ရန်နှင့် ပုံစံပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်စုံတစ်ရာအတွက် ပြင်ဆင်မှုပြုခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည်အပိုဒ် ၂ နှင့် ၃ ပါလုပ်ငန်းများကိုပြီးဆုံးအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီ တစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့်လမ်းအပိုင်းပြုပြင်ဖောက်လုပ်စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကိုပြုလုပ်လိုပါက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိလုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ပမှ ပန်ယမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်အားခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

နောက်ဆက်တွဲ (၁၀)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	1	2	3	4	5	6	7	8	9	10
Income										
-ll Fees Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Expenditure										
Expenses	363,635	363,635	363,635	399,610	399,818	400,029	400,242	400,457	400,674	400,894
Commercial Tax										
Corporate Tax				5,368	6,557	7,759	8,973	10,199	11,437	12,688
Depreciation										
Loan Reapyment										
Total Expenses	363,635	363,635	363,635	404,977	406,376	407,788	409,215	410,656	412,112	413,582
Net Kyat Earning	41,588	45,641	49,733	12,524	15,301	13,105	20,937	23,798	26,687	29,605

နောက်ဆက်တွဲ (၁၀)

Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	11	12	13	14	15	16	17	18	19	20
Income										
Toll Fees Income	447,618	452,094	456,615	461,182	465,793	470,451	475,156	479,907	484,706	489,554
	447,618	452,094	456,615	461,182	465,793	470,451	475,156	479,907	484,706	489,554
Expenditure										
Expenses	401,115	401,339	401,565	436,753	437,214	437,680	438,150	438,625	439,105	439,590
Commercial Tax										
Corporate Tax	13,951	15,227	16,515	7,329	8,574	9,831	11,102	12,385	13,680	14,989
Depreciation										
Loan Repayment										
Total Expenses	415,066	416,566	418,080	444,081	445,788	447,511	449,252	451,010	452,786	454,579
Net Kyat Earning	32,552	35,529	38,535	17,100	20,006	22,940	25,904	28,897	31,921	34,975

နောက်ဆက်တွဲ (၁၀)

Sheet (3)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	21	22	23	24	25	26	27	28	29	30
Income										
'l Fees Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Expenditure										
Expenses	440,079	440,574	441,073	475,689	476,453	477,225	478,005	478,792	479,587	480,390
Commercial Tax										
Corporate Tax	16,311	17,646	18,994	10,123	11,422	12,734	14,059	15,397	16,749	18,114
Depreciation										
Loan Repayment	-	-	-	-	-	-	-	-	-	-
Total Expenses	456,390	458,220	460,068	485,812	487,875	489,959	492,064	494,189	496,336	498,505
Net Kyat Earning	38,059	41,174	44,320	23,619	26,651	29,712	32,804	35,927	39,081	42,267

နောက်ဆက်တွဲ (၁၀)

Sheet (4)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	31	32	33	34	35	36	37	38	39	40
Income										
..l Fees Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Expenditure										
Expenses	481,201	482,021	482,848	516,572	517,698	518,835	519,983	521,142	522,313	523,496
Commercial Tax										
Corporate Tax	19,493	20,886	22,293	13,847	15,198	16,562	17,939	19,331	20,736	22,156
Depreciation										
Loan Repayment	-	-	-	-	-	-	-	-	-	-
Total Expenses	500,695	502,907	505,141	530,419	532,895	535,396	537,922	540,473	543,050	545,652
Net Kyat Earning	45,485	48,734	52,017	32,310	35,461	38,644	41,858	45,105	48,384	51,696

နောက်ဆက်တွဲ (၉)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Calculation of Internal Rate of Return

(000)

Year	Net Cash Flow	DF 1 %		DF 5%	
		Rate	PV	Rate	PV
0	6,145,382		-6145382		-6145382
1	195,223	0.990	193290	0.952	185927
2	199,275	0.980	195349	0.907	180749
3	203,368	0.971	197387	0.864	175677
4	166,159	0.961	159676	0.823	136699
5	168,935	0.951	160736	0.784	132365
6	171,740	0.942	161786	0.746	128155
7	174,572	0.933	162826	0.711	124065
8	177,432	0.923	163856	0.677	120093
9	180,321	0.914	164875	0.645	116237
10	183,239	0.905	165884	0.614	112493
11	186,187	0.896	166883	0.585	108859
12	189,163	0.887	167873	0.557	105333
13	192,170	0.879	168852	0.530	101912
14	170,735	0.870	148533	0.505	86233
15	173,640	0.861	149565	0.481	83524
16	176,575	0.853	150587	0.458	80891
17	179,539	0.844	151598	0.436	78332
18	182,532	0.836	152600	0.416	75846
19	185,555	0.828	153592	0.396	73431
20	188,609	0.820	154574	0.377	71085
21	191,693	0.811	155546	0.359	68807
22	194,808	0.803	156508	0.342	66595
23	197,954	0.795	157461	0.326	64448
24	177,254	0.788	139599	0.310	54961
25	180,285	0.780	140581	0.295	53239
26	183,347	0.772	141552	0.281	51565
27	186,439	0.764	142514	0.268	49937
28	189,562	0.757	143467	0.255	48356
29	192,716	0.749	144410	0.243	46820
30	195,902	0.742	145344	0.231	45327
31	199,119	0.735	146268	0.220	43878
32	202,369	0.727	147184	0.210	42470
33	205,651	0.720	148090	0.200	41104
34	185,944	0.713	132573	0.190	35395
35	189,096	0.706	133485	0.181	34281
36	192,278	0.699	134388	0.173	33198
37	195,493	0.692	135282	0.164	32146
38	198,740	0.685	136167	0.157	31124
39	202,019	0.678	137044	0.149	30131
40	205,331	0.672	137911	0.142	29166
			315		-2964530

Internal Rate of Return = 1.01%

Pay Back Year = 34 Year

နောက်ဆက်တွဲ (၆)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	1	2	3	4	5	6	7	8	9	10
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Total Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Road Maintenance	60,000	60,000	60,000	72,000	72,000	72,000	72,000	72,000	72,000	72,000
Other Expenditures	25,000	25,000	25,000	27,500	27,500	27,500	27,500	27,500	27,500	27,500
Electricity & Others	20,000	20,000	20,000	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State				20,875	21,084	21,295	21,508	21,723	21,940	22,159
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	363,635	363,635	363,635	399,610	399,818	400,029	400,242	400,457	400,674	400,894
Gross Profit	41,588	45,641	49,733	17,892	21,858	25,864	29,910	33,997	38,124	42,293
Corporate Tax				5,368	6,557	7,759	8,973	10,199	11,437	12,688
Profit After Tax	41,588	45,641	49,733	12,524	15,301	18,105	20,937	23,798	26,687	29,605

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

နောက်ဆက်တွဲ (၆)
Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတ
NAY MIN YAUNG CONSTRUCTION CO., LT
Projected Profit And Loss Account

(-000)

PARTICULARS	11	12	13	14	15	16	7	18	19	20
	Local	Local	Local	Local	Local	Local	cal	Local	Local	Local
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	ats	Kyats	Kyats	Kyats
Income	447,618	452,094	456,615	461,182	465,793	470,451	75,156	479,907	484,706	489,554
Total Income	447,618	452,094	456,615	461,182	465,793	470,451	75,156	479,907	484,706	489,554
Road Maintenance	72,000	72,000	72,000	86,400	86,400	86,400	86,400	86,400	86,400	86,400
Other Expenditures	27,500	27,500	27,500	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	22,381	22,605	22,831	46,118	46,579	47,045	47,516	47,991	48,471	48,955
Depreciation	153,635	153,635	153,635	153,635	153,635	153,635	53,635	153,635	153,635	153,635
Total Cost	401,115	401,339	401,565	436,753	437,214	437,680	438,150	438,625	439,105	439,590
Gross Profit	46,503	50,755	55,050	24,429	28,580	32,772	37,006	41,282	45,601	49,964
Corporate Tax	13,951	15,227	16,515	7,329	8,574	9,831	11,102	12,385	13,680	14,989
Profit After Tax	32,552	35,529	38,535	17,100	20,006	22,940	25,904	28,897	31,921	34,975

Note:
Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

နောက်ဆက်တွဲ (၆)
Sheet (3)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	21	22	23	24	25	26	27	28	29	30
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Total Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Road Maintenance	86,400	86,400	86,400	95,040	95,040	95,040	95,040	95,040	95,040	95,040
Other Expenditures	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	49,445	49,939	50,439	76,415	77,179	77,951	78,730	79,517	80,313	81,116
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	440,079	440,574	441,073	475,689	476,453	477,225	478,005	478,792	479,587	480,390
Gross Profit	54,370	58,820	63,314	33,742	38,072	42,446	46,863	51,324	55,830	60,381
Corporate Tax	16,311	17,646	18,994	10,123	11,422	12,734	14,059	15,397	16,749	18,114
Profit After Tax	38,059	41,174	44,320	23,619	26,651	29,712	32,804	35,927	39,081	42,267

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

လျှို့ဝှက်
၃၁

နောက်ဆက်တွဲ (၆)
Sheet (4)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	31	32	33	34	35	36	37	38	39	40
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Total Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Road Maintenance	95,040	95,040	95,040	99,792	99,792	99,792	99,792	99,792	99,792	99,792
Other Expenditures	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	81,927	82,746	83,574	112,546	113,671	114,808	115,956	117,116	118,287	119,470
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	481,201	482,021	482,848	516,572	517,698	518,835	519,983	521,142	522,313	523,496
Gross Profit	64,978	69,620	74,309	46,157	50,659	55,205	59,798	64,436	69,121	73,852
Corporate Tax	19,493	20,886	22,293	13,847	15,198	16,562	17,939	19,331	20,736	22,156
Profit After Tax	45,485	48,734	52,017	32,310	35,461	38,644	41,858	45,105	48,384	51,696

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Years

လျှို့ဝှက်

(ဃ) **"နေ့ရက်"** ဆိုသည်မှာ ပြက္ခဒိန်နေ့ရက် ဖြစ်ပြီး "နှစ်" ဆိုသည်မှာ ပြက္ခဒိန်နှစ်ဖြစ်သည်။

လုပ်ငန်းတန်ဖိုး

၁၀။ စာချုပ်တွင် ချုပ်ဆိုသည့် လမ်းအပိုင်းအတွက် လမ်းနှင့် တံတား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ (၆၁၄၅.၃၈၂) သန်း (ကျပ် ခြောက်ထောင်တစ်ရာလေးဆယ့်ငါးသန်း သုံးသိန်းရှစ်သောင်းနှစ်ယောင်ပါပါ) ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်နှင့်တိုးတက်မှု

၁၁။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရပါမည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းစတင်သည့်နေ့ မှ (၂)လ အတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ တင်သွင်းရမည်။

(ခ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် လစဉ်တိုးတက်မှုအစီရင်ခံစာ [နှစ်ဖက် (သက်ဆိုင်ရာ ဒေသရှိ စစ်ဆေးသော **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ အင်ဂျင်နီယာ နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ လုပ်ငန်းဆောင်ရွက်သည့် အင်ဂျင်နီယာ) သဘောတူ၍ လက်မှတ်ထိုးထားသည့်ပုံစံဖြင့်] ကို မိတ္တူ (၆) စုံ ပြုစုပြီး **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ထံ တင်သွင်းရမည်။

စစ်ဆေးခြင်း

၁၂။ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအလုပ်သမား၊ ပစ္စည်းများ၊ လျှပ်စစ်၊ လောင်စာ ၊ သိုလှောင်ခန်းများ၊ စက်ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှု အစရှိသည်တို့ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ကလိုအပ်သလို ထိရောက်စွာစစ်ဆေးရန်နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အထောက်အပံ့ပြုရန်အတွက် စာရွက်စာတမ်းအထောက်အထားများ၊ သတင်းအချက်အလက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးရမည်၊ လမ်းဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းပြီးဆုံး၍ လုပ်ငန်းစတင် ဆောင်ရွက်သည့် အချိန်မှ စ၍ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ကောက်ခံရရှိသော လမ်း-တံတားအသုံးပြုခငွေများနှင့် စပ်လျဉ်းသည့် စာရင်းအင်းများအပြည့်အစုံ စနစ်တကျထားရှိရမည်၊ အဆိုပါစာရင်းအင်းများကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ကအခါအားလျော်စွာ စစ်ဆေးခွင့်ရှိရမည်။

ကန့်ကွက်ခြင်း

၁၃။ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ လမ်း-တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) သတ်မှတ်စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ချို့ယွင်းမှု (သို့မဟုတ်) ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတွေ့ရှိရပါက **"လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ"** က ကန့်ကွက်နိုင်သည့်အပြင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ထံ ချက်ချင်းအကြောင်းကြားရမည်၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ချို့ယွင်းချက်ကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ၏စရိတ်ဖြင့် ကောင်းစွာ ပြန်လည်ဆောင်ရွက် ပေးရန်နှင့် ကန့်ကွက်ခံရသည့်ပစ္စည်းများကို ပဋိညာဉ်စာချုပ်နှင့်အညီ ဖြစ်စေရန် တာဝန်ယူရမည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) **"မလွန်ဆန်နိုင်သောဖြစ်ရပ်"** ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ်များ၊ အစိုးရတားမြစ်ချက်များ၊သပိတ်မှောက်ခြင်းများ၊ သောင်းကျန်းမှုများ၊ အဓိကရုဏ်းများ၊ ရောဂါဘယကျရောက်ခြင်းများ၊ ပြည်သူတို့၏နှောင့်ယှက်ရန်ပြုမှုများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသောထိုက်သင့်သောဂရုပြုမှု၊ ဝီရိယစိုက်ထုတ်မှုပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်းမရှိသော ပေါ်ပေါက်ခဲ့ပြီးသည့်အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်သည် မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ဤပဋိညာဉ်စာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ရန်(သို့မဟုတ်) အခြားစာချုပ်ဝင်တစ်ဖက်ဖက်၏ဆောင်ရွက်မှုကို လက်ခံရန်လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ယာယီအားဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိလျှင် ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိသည့်ဘက်မှ မလွန်ဆန်နိုင်သောဖြစ်ရပ်၏ အသေးစိတ်အကြောင်းအရာများကိုဖော်ပြလျက် လုပ်ဆောင်နိုင်စွမ်း မရှိသောဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်ဝင် တစ်ဖက်သို့ အကြောင်းကြားစာပေးပို့ရမည်၊ ယင်းသို့ အကြောင်းကြားစာပေးပို့ခြင်းကို တစ်ဖက်စာချုပ်ဝင်က လက်ခံသဘောတူမှသာ မလွန်ဆန်နိုင်သောဖြစ်ရပ်မြောက်စေရမည်။

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်၏ အကျိုးသက်ရောက်မှုခံရသည့် စာချုပ်ဝင်တစ်ဖက်၏ တာဝန်များကို အခြား စာချုပ်ဝင်တစ်ဖက်၏အတည်ပြုချက်ဖြင့် ထိုသို့ မစွမ်းဆောင်နိုင်မှုဖြစ်ပေါ်လာသည့်ကာလအတွင်း (ထိုကာလထက်လုံးဝမကျော်လွန်စေဘဲ) ရပ်ဆိုင်းထားရမည်၊ ထို့ပြင်ထိုသို့ မစွမ်းဆောင်နိုင်မှု ဖြစ်ပေါ်ရသည့်အကြောင်းရင်းကို ဖြစ်နိုင်သမျှ ဆောလျင်စွာဖယ်ရှားပစ်ရမည်။

[illegible]ငန်းလုပ်ကိုင်ခွင့်ရသူ"၏ပျက်ကွက်မှု

၁၅။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ၏ ပျက်ကွက်မှုနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များမှာ-

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ယင်း၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ စာချုပ်ပါလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုလျှင်ဖြစ်စေ၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ကိုယ်စားလှယ်သည် အဆိုပါ ပျက်ကွက်မှုအတွက် သင့်တင့်လျောက်ပတ်သောအချိန်အတွင်း အကောင်းဆုံးပြန်လည်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်ပေးရန်အကြောင်းကြားစာပေးပို့နိုင်သည်။

(ခ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"၏ ပျက်ကွက်မှုကြောင့် စာချုပ်တွင် ပြီးစီးရန်သတ်မှတ်ထားသောကာလထက်ကျော်လွန်ပြီးမှလုပ်ငန်းပြီးစီးမှုအတွက် လုပ်ငန်းနှောင့်နှေးကြန့်ကြာရသောရက်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းတန်ဖိုး စုစုပေါင်း (မြန်မာငွေ+US $)၏ (၀.၁)ရာခိုင်နှုန်းကိုပေးသွင်းရမည်၊ စီမံကိန်းတန်ဖိုးတွက်ချက်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးကို တရားဝင် ငွေလဲလှယ်နှုန်းဖြင့် တွက်ရန်ဖြစ်သည်။

(ဂ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် စာချုပ်တွင် သတ်မှတ်ထားသောကာလအတွင်း စာချုပ်ပါလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"၏လုပ်ငန်းမပြီးစီးသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ်စိစစ်၍ ထပ်မံလုပ်ကိုင်ခွင့်ပေးရန် မသင့်ဟုယူဆပါက စာချုပ်ပါလုပ်ငန်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ သိမ်းယူခွင့်ရှိသည်။

(ဃ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပဋိညာဉ်စာချုပ်၏ သက်တမ်းကာလအတွင်း လမ်း-တံတားများ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် လမ်း-တံတားအသုံးပြုခများကောက်ခံခြင်း စသည်တို့ကို လမ်းမကြီးများ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါလုပ်ငန်းကို- "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ သိမ်းယူခွင့်ရှိသည်။

ပြောင်းလဲခြင်းများ

၁၆။ ပြောင်းလဲခြင်းများကို အောက်ပါအတိုင်း လိုက်နာရမည်-

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" သည် ပဋိညာဉ်စာချုပ်သက်တမ်းကာလအတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"အား အဆိုပြုလွှာ တင်သွင်းရန် ညွှန်ကြား၍ဖြစ်စေ၊ လိုအပ်သည့်ညွှန်ကြားချက်များထုတ်ပြန်၍ဖြစ်စေ၊ အခါအားလျော်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲရေးအတွက် အဆိုပြုလွှာတင်သွင်းရန် ညွှန်ကြားသည့်အခါ တင်ပြလာသည့် အဆိုပြုလွှာအပေါ် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ ကရားဝင်အတည်ပြုချက်မရရှိမီ ကြိုတင်ဆောင်ရွက်ခြင်းမပြုရ။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲဆောင်ရွက်ရေးအတွက် အဆိုပြုလွှာ တင်သွင်းရန် တောင်းဆိုလာပါက "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အနေဖြင့် အောက်ဖော်ပြပါ အတိုင်းဆောင်ရွက်ရမည်-

(၁) ပြောင်းလဲအဆိုပြုမည့်လုပ်ငန်း အမျိုးအစားအလိုက် အသေးစိပ်ပုံစံပြလွှာ လုပ်ငန်း အစီအစဉ်နှင့် လုပ်ငန်းစိမ်ချက်များ ရေးဆွဲတင်ပြရမည်။

(၂) လိုအပ်သောအသစ်ပြုပြင်ရေးဆွဲထားသည့် လုပ်ငန်းစိမ်ချက်အပေါ်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏အဆိုပြုလွှာရေးဆွဲတင်ပြခြင်း။

(၃) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" အနေဖြင့် အဆိုပြုလွှာ လက်ခံရရှိပြီး နောက် (၁၄) ရက်အတွင်းအတည်ပြုအမိန့် (သို့မဟုတ်) ကန့်ကွက်လွှာများ(သို့မဟုတ်) ဆောင်ရွက်ခိုင်းသည့်အမိန့်များ ထုတ်ပြန်ပေးရမည်။

(၄) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် မိမိ ညွှန်ကြားသည့် မည်သည့်လုပ်ငန်း ပြောင်းလဲခြင်းမဆို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"အတွက် အပိုကုန်ကျစရိတ်ငွေများ မရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်၊ မည်သည့်လုပ်ငန်းပြောင်းလဲခြင်းမှ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏အတည်ပြုချက်မရယူဘဲ ညွှန်ကြားစေခိုင်းခြင်း မပြုရ။

(၅) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် လုပ်ငန်းပြောင်းလဲခြင်းအား အတည်ပြုပြီး (သို့မဟုတ်)ဆောင်ရွက်ရန် ညွှန်ကြားပြီးတိုင်း ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ကာလ အား ပြန်လည်ပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်ချက်(သို့မဟုတ်)သဘောတူညီချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်စာချုပ်ကိုပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်း

အောက်ပါအချက်များပေါ်ပေါက်လာလျှင် ဆောင်ရွက်မည်-

(က) နိုင်ငံတော်မှ ထပ်မံပြင်ဆင်သတ်မှတ်လိုက်သော ဥပဒေများအရ ဤပဋိညာဉ်စာချုပ်ကို ပြင်ဆင် ဖြည့်စွက်ရန်ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ပြင်ဆင် ဖြည့်စွက်နိုင်သည်။

(ခ) ပဋိညာဉ်စာချုပ်ကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရုပ်သိမ်းနိုင်သည်-

(၁) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်။

(၂) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ခုခုတစ်ရာကို ချိုးဖောက် လျှင်။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သောမလွန်ဆန်နိုင်သည့် ဖြစ်ရပ်တစ်ခုခုသည် (၆)လ ဆက်တိုက်ပေါ်ပေါက်လျှင်။

(၄) ဤစာချုပ်ကို ရုပ်သိမ်းရန် နှစ်ဦးနှစ်ဖက်သဘောတူလျှင်။

(ဂ) ဤပဋိညာဉ်စာချုပ်ကို ရုပ်သိမ်းခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရ အဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်အတည်ဖြစ်စေရမည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း

၁၈။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" တို့အကြား စာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းစွာမျှတသော ပြေလည်မှုရရှိရေးအတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဆောင်ရွက်ရမည်၊ နှစ်ဦးနှစ်ဖက်အကြား အငြင်းပွားမှုကို ပြေလည်အောင် မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဖြေရှင်းရမည်၊ အနုညာတ ခုံလူကြီးတစ်ဦးစီကို စာချုပ်ဝင်တစ်ဖက်စီက ခန့်ထားပြီးထိုအငြင်းပွားမှုကို ဖြေရှင်းပါလျက် အငြင်းပွားမှု မပြီးပြတ်ပါက ခုံလူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး (Umpire) တစ်ဦးကို နှစ်ဦးသဘောတူရွေးချယ်ဆုံးဖြတ်စေရမည်၊ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) ခုံသမာဓိလူကြီး ဆုံးဖြတ်ချက်သည်အပြီးအပြတ် ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ဆုံးဖြတ်ခြင်း အနုညာတ အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်-၄/၁၉၄၄) နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီဆောင်ရွက်ရမည်၊ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

ပဋိညာဉ်ပြီးဆုံးခြင်း

၁၉။ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါလုပ်ငန်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ အပြည့်အဝ ပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးသည့်အခါမှသာ ပဋိညာဉ် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းပေးခြင်း

၂၀။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ဤပဋိညာဉ်စာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ကာလ နှစ်(၄၀) (သို့မဟုတ်)လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အအုံများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသောကောင်းမွန်သည့် အနေအထားအတိုင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" အား အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းပေးရမည်။

စာချုပ်၏ အစိတ်အပိုင်းများ

၂၁။ ဤစာချုပ်ပါ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၂။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသားဆက်သွယ်ရန် လိပ်စာမှာအောက်ပါအတိုင်းဖြစ်သည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၁၁)
နေပြည်တော်။

နှင့်

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ် (၅၂/13)၊ အင်းယားလမ်း၊ အမှတ် (၁၀) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ပဋိညာဉ်စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့် သက်တမ်းကာလ

၂၃။ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) ဤပဋိညာဉ်စာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပဋိညာဉ်စာချုပ်၏ သက်တမ်းကာလမှာနှစ် (၄၀) ဖြစ်ပြီး သက်တမ်းကိုရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ပေးထားသည့် လုပ်ငန်းကာလ (၃) နှစ်အထိ ပဋိညာဉ်စာချုပ် အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ (၃) နှစ်ထက်စော၍ ပြီးစီးပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ်အနက် စောရာနေ့ရက်ကာလမှ စတင်ရေတွက်သတ်မှတ်ရမည်။

(ဂ) ပဋိညာဉ်သက်တမ်းကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်သက်တမ်းကာလ မစေ့ရောက်မီ (၆) လကြိုတင်၍ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံတင်ပြ၍ နှစ်ဖက်သဘောတူပါက (၁) ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃) ကြိမ် တိုးမြှင့်နိုင်သည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

ဤစာချုပ်ဝင်များသည် ဤစာချုပ်ပါစည်းကမ်းချက်များကိုကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၁၀ ခုနှစ်၊ လ ( ) ရက်နေ့တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးကျော်လင်း)
ဦးဆောင်ညွှန်ကြားရေးမှူး

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
(**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးရန်နိုင်)
မန်နေးဂျင်းဒါရိုက်တာ
မှတ်ပုံတင်အမှတ် -----------

သက်သေများ

အမည် --------------------
မှတ်ပုံတင်အမှတ် --------------
ရာထူး --------------------

အမည် --------------------
မှတ်ပုံတင်အမှတ် --------------
ရာထူး --------------------

နောက်ဆက်တွဲ (၁၁)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Operation Period

Sr No	Designation	No.of Employment	Salary		Yearly (-000)
			Month	Years	
1	Managing Director	1	150,000	1,800,000	1,800
2	General Manager	1	100,000	1,200,000	1,200
3	Deputy General Manager	1	50,000	600,000	600
4	Finance Manager	2	40,000	480,000	960
5	Operation Manager	2	30,000	360,000	720
6	Administration Manager	3	30,000	360,000	1,080
7	Office Staff	10	20,000	240,000	2,400
8	Engineers	5	50,000	600,000	3,000
9	Operation Supervisor	5	30,000	360,000	1,800
10	Skilled Worker	5	30,000	360,000	1,800
11	Semi-Skilled Workers	10	20,000	240,000	2,400
12	Unskilled Workers	35	16,500	198,000	6,930
13	Machine Operators	35	35,000	420,000	14,700
14	Driver	5	15,000	180,000	900
15	Guard Men	10	10,000	120,000	1,200
	Total	130			41,490

နောက်ဆက်တွဲ (၁၁)

Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Construction Period

Sr No	Designation	No.of Employment
1	Managing Director	1
2	General Manager	1
3	Deputy General Manager	1
4	Finance Manager	2
5	Operation Manager	5
6	Administration Manager	5
7	Office Staff	10
8	Engineers	20
9	Operation Supervisor	10
10	Skilled Worker	20
11	Semi-Skilled Workers	50
12	Unskilled Workers	200
13	Machine Operators	40
14	Driver	40
15	Guard Men	20
		425

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၄ - ၂၂ /နပတ (၃၂၈)

ရက်စွဲ၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်

အကြောင်းအရာ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် B.O.T စနစ်ဖြင့်လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရေးနှင့်လွှဲပြောင်းပေးရေးစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ

ရည် ညွှန်း ချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၉-၆-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၁/ခွဲ -၂ /ထွေ/ ၂၀၁၀(ကုမ္ပဏီ) (စီ ၄၈၇၉)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ သည် တောင်ကြီး-လွိုင်လင်လမ်းပိုင်း(၇၇/၀ မိုင်)ကို B.O.T စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရေးနှင့်လွှဲပြောင်းပေးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့်ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)မှာဤရုံး၏၃၀-၆-၂၀၁၀ ရက်စွဲပါ စာအမှတ်၊ ၂(၅)၄-၁၈/နပတ/(၂၈၆)ဖြင့်အကြံပြုပြန်ကြားခဲ့သောပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် သာယာဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)နှင့် အလားတူပြုစုထားသည်ကိုတွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်ပါစာဖြင့်ပူးတွဲပေးပို့လာသောစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း)အပိုဒ် ၆ အရ ဘဏ်အာမခံထားရှိရမည်ဖြစ်ပြီး ဘဏ်အာမခံအား နောက်ဆက်တွဲ(ခ)အဖြစ်ပူးတွဲထားရာ အဆိုပါ ဘဏ်အာမခံပုံစံသည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၏ပုံစံဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဘဏ်အာမခံပုံစံသည် သတ်မှတ်

ထားသောဘာဏ်အာမခံပုံစံဖြစ်ရန်လိုအပ်ပြီး စာချုပ်(မူကြမ်း)ပါစည်းကမ်းချက်များနှင့် ညီညွတ်ရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)တွင် လမ်း-တံတားအသုံးပြုခကောက်ခံရန် ဂိတ်တည်နေရာများကို နောက်ဆက်တွဲ(ခ)ဟုဖော်ပြပြီး တဖန်ဘာဏ်အာမခံပုံစံအား နောက်ဆက်တွဲ(ခ)အဖြစ်ပင် ဖော်ပြထားသဖြင့် မှန်ကန်မှုရှိစေရန်ဌာနမှ ပြန်လည်စိစစ်သင့်ပါ သည်၊

(ဂ) လိုအပ်သောနေရာအချို့တွင် မင်နီဖြင့် အနည်းငယ်ပြင်ဆင်ပေးလိုက်ပါသည်။

၃။ ဤစာချုပ်(မူကြမ်း)ကို ဥပဒေကြောင်းအရသာစိစစ်ခြင်းဖြစ်၍ ဥပဒေရေးရာမဟုတ်သည့် ခံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါ ကြောင်းဖော်ပြအပ်ပါသည်။

၄။ နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့နှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(signature) ၁၆.၇.၁၀

ညွှန်ကြားရေးမှူးချုပ်(တာဝန်)(ကိုယ်စား)

(ကျော်ဆန်း၊ ညွှန်ကြားရေးမှူး)

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

(ဂ) နှုန်းထားများကို ဤစာချုပ်အရ မည်သို့ပင် သတ်မှတ်ထားစေကာမူ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်၊ သို့ရာတွင် အောက်ဖော်ပြပါယာဉ်များကိုကင်းလွတ်ခွင့်ပြုရန်(သို့မဟုတ်)သင့်လျော်သောအထူးနှုန်းထားဖြင့် ကောက်ခံရန်ဖြစ်ပါသည်-

(၁) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အထက်အရေးကြီးပုဂ္ဂိုလ်လိုက်ပါလာသည့် ယာဉ်တန်းများ၊ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်ယာဉ်များ၊ သူနာပြုယာဉ်များအပြင် လုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာရသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) မှ လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ကဒ်များနှင့် သီးခြားခွင့်ပြုမိန့်လက်မှတ်ပါသည့်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၂) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သွားလာသည့် မော်တော်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၃) နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြပြီး၊ အပြစ်ကင်းစွာဖြင့် အငြိမ်းစားယူသွားသောပုဂ္ဂိုလ်ကြီးများနှင့် ၎င်းတို့၏ဇနီးများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တရားဝင်အထောက်အထားအဖြစ် ဂုဏ်ပြုထုတ်ပေးထားသော လမ်း-တံတား အသုံးပြုခ ရာသက်ပန်ကင်းလွတ်ခွင့်လက်မှတ်ကိုင်ဆောင်၍ ကိုယ်တိုင်လိုက်ပါ သွားလာသည့်မော်တော်ယာဉ်များကို လမ်း-တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၄) လုပ်ကိုင်ခွင့်ရလမ်းအပိုင်းရှိဒေသမှပြည်တွင်းစားသုံးမှုအတွက် ဒေသထွက်အခြေခံစားသောက်ကုန်ပစ္စည်းများသယ်ဆောင်လာသည့်မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းထားဖြင့် လျှော့၍ ကောက်ခံရန်။

(၅) နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်သော ပြည်ပထုတ်ကုန်/သွင်းကုန်များကို ဌာနဆိုင်ရာထောက်ခံချက်အထောက်အထားဖြင့် သယ်ဆောင်သွားလာသည့်မော်တော်ယာဉ်များကို သင့်လျော်သော လမ်း-တံတားအသုံးပြုခနှုန်းဖြင့် လျှော့၍ ကောက်ခံရန်။

မိုင်အရှည်၊ နေ့ရက်၊ အချိန်နှင့်ကာလ

၆။ မိုင်အရှည်၊ နေ့ရက်၊အချိန်နှင့် ကာလတို့ကို အောက်ပါအတိုင်းသတ်မှတ်ပါသည်-

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်း မိုင် ၁၁၆/၀ မှ ၁၈၉/၀ ထိ ၇၃/၀ မိုင်ကို ပုံစံပြုရန် နှင့် ဖောက်လုပ်တည်ဆောက်ရန်။

(ခ) "**လုပ်ငန်းစတင်သည့်နေ့**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ လုပ်ငန်းစတင်ရန် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ကို အကြောင်းကြားသည့်နေ့ဖြစ်သည်။

(ဂ) "**လုပ်ငန်းကာလ**" ဆိုသည်မှာ-

(၁) ဤပဋိညာဉ်စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့မှစ၍ (၃)နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။

(၂) ပေ (၁၀၀)နှင့်အထက်တံတားများ တည်ဆောက်ချိန်ကို (၅)နှစ် သတ်မှတ်ပေးထားပါသည်။

နောက်ဆက်တွဲ (ခ)

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းအပိုင်း
တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းပိုင်း
မိုင် ၁၁၆/၀ မှ ၁၈၉/၀ အထိ (၇၃)မိုင်
လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လမ်းတံတားဂိတ်များ

တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းပိုင်း
အသွားခရီးအတွက်

၁။ ဂိတ်အမှတ် (၁) တောင်ကြီး မှ လွိုင်လင် -တောင်ကြီးဂိတ် မိုင်တိုင် ၁၁၆/၀ မှ ၁၇၃/၀
၂။ ဂိတ်အမှတ် (၂) လွိုင်လင် မှ နမ့်စန် -လွိုင်လင်ဂိတ် မိုင်တိုင် ၁၇၃/၀ မှ ၁၈၉/၀
၃။ ဂိတ်အမှတ် (၃) -နမ့်စန်ဂိတ်

အသွားခရီးအတွက် အမှတ်(၁) နှင့်(၂)မှာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များဖြစ်ပြီး ဂိတ်အမှတ် (၃)အား စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုပါမည်။

နမ့်စန်-လွိုင်လင်-တောင်ကြီးလမ်းပိုင်း
အပြန်ခရီးအတွက်


၁။ ဂိတ်အမှတ် (၃) နမ့်စန် မှ လွိုင်လင် -နမ့်စန်ဂိတ် မိုင်တိုင် ၁၈၉/၀ မှ ၁၇၃/၀
၂။ ဂိတ်အမှတ် (၂) လွိုင်လင် မှ တောင်ကြီး -လွိုင်လင်ဂိတ် မိုင်တိုင် ၁၇၃/၀ မှ ၁၁၆/၀
၃။ ဂိတ်အမှတ် (၁) -တောင်ကြီးဂိတ်

အပြန်ခရီးအတွက် အမှတ်(၃) နှင့်(၂)မှာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များဖြစ်ပြီး ဂိတ်အမှတ် (၁)အား စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုပါမည်။

တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းပိုင်း
တံတားဂိတ်

မိုင်းပွန်တံတားဂိတ်အဖြစ် သီးခြားဆောက်လုပ်ခြင်းမပြုဘဲ မိုင်းပွန်တံတားနှင့်နီးစပ်ရာ လွိုင်လင်ဂိတ် အမှတ်(၂)တွင် တစ်ပေါင်းတည်းပေါင်းကောက်ခံပါမည်။

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့်
မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း
တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းအပိုင်းအတွင်းရှိ လမ်းအသုံးပြုခကောက်ခံမည့် ဂိတ်တည်နေရာနှင့် ဂိတ်အမည်



(ဓ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ရ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ်အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် (Final Completion Certificate) ရရှိသည်အထိ ပြုလုပ်ပေးရမည်၊ (Final Completion Certificate) ရရှိပြီး "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပစ္စည်း၊ ထုတ်ကုန် (သို့မဟုတ်) ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး (သို့မဟုတ်) အများကိုလွှတ်လပ်စွာ ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်း လုပ်ကိုင်ခွင့် ရသူ အားလုံးသည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ၏အမည်ကို သာရယူရမည့်အပြင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏သဘောတူညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်းရမည်၊ သို့ရာတွင် ယင်းတို့သည် အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့်စေရ၊ အဆိုပြုချက်အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့်အချိန်ဇယားသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာအတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့်မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ စာဖြင့်ရေးသား၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက်များပါဝင်ရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" သည် ယင်းတင်ပြချက်အထောက်အထားများ အပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏စာဖြင့်ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။

(ဒ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံမှ လုပ်ငန်း စတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းစီမံကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင်လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သော အနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်းပြန်လည်တည်ဆောက်ရန် လိုအပ်သည့် လမ်း တံတား (လေလံတံတားများ မပါဝင်ပါ)လုပ်ငန်းများကိုလည်းကောင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း–တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့်ပထမ (၃) နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရန်ဖြစ်သည်–

(၁)	ပထမ (၃)နှစ်အတွက်	–	ကင်းလွတ်ခွင့်ကာလ
(၂)	၄ နှစ်မြောက်မှ ၁၃နှစ်မြောက်အထိ (၁၀)နှစ်	–	၅ % ပေးသွင်းရန်
(၃)	၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ (၁၀)နှစ်	–	၁၀ % ပေးသွင်းရန်
(၄)	၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ (၁၀)နှစ်	–	၁၅ % ပေးသွင်းရန်
(၅)	၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ (၇)နှစ်	–	၂၀ % ပေးသွင်းရန်

(၆) ၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(ဖ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယားများကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ(၃၁) ရက်နေ့အထိ စနစ်တကျတိကျမှန်ကန်စွာပြုစုထားရမည်၊ တစ်နှစ်တာလမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန်တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏နှစ်ဆန်း ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်းအလိုက် ပေးသွင်းရမည့်ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ဖော်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေလွှဲလွှာ (သို့မဟုတ်) မျဉ်းသားချက်လက်မှတ်ဖြင့်ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေပမာဏကိုရက်ပေါင်း(၉၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထားငွေသွင်းချလံကို(၇)ရက်အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"ထံ တင်ပြရပါမည်၊ အဆိုပါပေးသွင်းရမည့်သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့် ငွေ (၁၀၀) ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်း ပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးတို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေးသွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) ညှိနှိုင်းထားသော ကောက်ခံနှုန်းများအတိုင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ ကောက်ခံရာတွင်အကျိုးအမြတ်မရရှိမှု၊ အရှုံးပေါ်မှုများရှိလာပါက ကောက်ခံသည့်လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်း ပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ သို့ရာတွင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏စာရင်းစစ်အဖွဲ့မှ စိစစ်ထားသည့် (၁)နှစ်ချင်း ဝင်ငွေ ထွက်ငွေ၊ အရှုံးအမြတ် စာရင်း ဇယားအတိအကျကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည်။

(ယ) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ် (၄၀) ပြည့်ပြီးနောက် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"မှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ ကောက်ခံမှုသက်တမ်းကာလကို (၁)ကြိမ်လျှင်(၅)နှစ်စီဖြင့်(၃)ကြိမ်သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်ပြနိုင်သည်။

(ရ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့်မပြုရ။

(လ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် တရားဝင်ကိုယ်စားလှယ်ခန့်ရန် ရည်ရွယ်သူ(များ)၏အမည်၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄)ရက်အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်ပြရမည်။

(ပ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ ပြင်ဆင်ထားရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို အချိန်ပြည့်ဆောင်ရွက်ပေးရမည်။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်တော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ အကြောင်းကြားရမည်။

လုပ်ငန်းအာမခံ (Performauce Bank Guarantee)

၆။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် စာချုပ်ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်း နိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံသို့ပေးအပ်ရမည်၊ အဆိုပါ ဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်သည်အထိဖြစ်သည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ၏လုပ်ငန်းစတင်ရန်အကြောင်းကြားစာရရှိပြီး (၃၀) ရက်အတွင်း လုပ်ငန်း စတင်ရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က သိမ်းယူရမည်၊ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း(၃၀)အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ထံ ပြန်လည်ထုတ်ပေးရမည်။

လမ်း-တံတားအသုံးပြုခကောက်ခံခြင်း

၇။ လမ်း-တံတားအသုံးပြုခကောက်ခံရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ အဆိုပြုတင်ပြလာသည့်လမ်းအပိုင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က သဘောတူပါက လမ်း-တံတားအသုံးပြုခ ကောက်ခံသည့်ဂိတ်ကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က အဆင့်မီအောင် Steel, Aluminium, Brick Structure or Composite တို့ဖြင့်စနစ်တကျတည်ဆောက်ရမည်။ [ဂိတ်တည်နေရာကို**နောက်ဆက်တွဲ(ခ)** ပါအတိုင်း]

(ခ) လမ်း-တံတားအသုံးပြုခ ကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့် ဆက်သွယ်နေသည့် အခြားလမ်းများမှ မော်တော်ယာဉ်များအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် လိုအပ်သည့်နေရာများတွင် အဆင့်မီ ဂိတ်များ တည်ဆောက်ခွင့်ပြုသည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က လိုအပ်၍ တင်ပြလာလျှင် ဂိတ်(၁)ဂိတ်ထက်ပို၍ ကျော်ကောက်ခွင့်ပြုမည်။

(ဂ) လမ်း-တံတားအသုံးပြုခကို လမ်းအပိုင်းလိုက် မိုင်အရှည်နှင့် လမ်းအသုံးပြုခ(၁)မိုင်နှုန်း မြှောက်၍ ရသည့်ကျသင့်ငွေစုစုပေါင်းကို ဂိတ်ပုငွေလက်ခံဖြတ်ပိုင်းပေး၍ တစ်ပေါင်းတည်းကောက်ခံရမည်။

(ဃ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် မိမိအားခွင့်ပြုထားသည့် လမ်းအပိုင်းတစ်လျှောက်တန်ပိုကြေးအား(၂၀)တန်အထက်တန်ပို(၁)တန်အတွက်(၁)မိုင်ကို (၈/၂၆)ကျပ်နှုန်းထားဖြင့် (၁)ကြိမ်သာ ကောက်ခံခွင့်ရှိသည်။

(င) လမ်း-တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုသည့်နေရာတိုင်းတွင် ကုန်ချိန်ကတ္တားတည်ဆောက်ခွင့်ပြုမည်မဟုတ်ပါ။

(စ) လမ်း-တံတားအသုံးပြုခကောက်ခံရန် တည်ဆောက်ထားသော ဂိတ်အဝင်အထွက်နေရာများသည် အနည်းဆုံး (၄)လမ်းသွား အဆင့်မီ ဖြစ်ရမည်။

(ဆ) မလိုလားအပ်သောအုပ်ချုပ်မှုကိစ္စများမဖြစ်ပေါ်စေရန်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံသည့်ဂိတ်များကို လုံခြုံရေးဂိတ်အဖြစ် အသုံးမပြုရ။

(ဇ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ **သဘောတူညီချက်ဖြင့် ယာဉ်သွားလမ်းအားလုံးနှင့် သတ်မှတ်**မိုင်အရှည်ကို ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းပြီး၍ လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ်ရရှိပါက လမ်းအသုံးပြုခကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က စတင်ကောက်ခံနိုင်သည်။

လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းများ

၈။ လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လမ်းအသုံးပြုခကောက်ခံနှုန်း**။ လမ်းအသုံးပြုခကောက်ခံသော ဂိတ် (၁) ဂိတ်ကို ယာဉ်တစ်စီးဖြတ်သွားတိုင်းပေးဆောင်ရမည့် လမ်းအသုံးပြုခနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	၁ တန်အောက် ယာဉ်ငယ်များ	-	၁ မိုင်လျှင်	၄/၁၃	ကျပ်
(၂)	၁ တန်မှ ၃ တန်ထိ ယာဉ်များ	-	၁ မိုင်လျှင်	၁၂/၃၉	ကျပ်
(၃)	၅ တန်အောက် ကားကြီးများ	-	၁ မိုင်လျှင်	၂၀/၆၅	ကျပ်
(၄)	၁၀ တန်အောက် ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၄၁/၃၀	ကျပ်
(၅)	၂၀ တန်အထိ ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၈၂/၅၉	ကျပ်
(၆)	၂၀ တန်အထက် တန်ပို ၁ တန်လျှင်	-	၁ မိုင်လျှင်	၈/၂၆	ကျပ်

(ခ) **တံတားအသုံးပြုခကောက်ခံနှုန်း**-

(၁) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ခွင့်ပြုထားသောလမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ(၁၈၀)နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသောတံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" တို့၏ညှိနှိုင်းသဘောတူညီသည့်နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။

နောက်ဆက်တွဲ (က)

နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များ

TECHNICAL SPECIFICATIONS

In general, the Geometric Design Criteria and Standards to be adopted shall be guided by the traffic volume and to a reasonable level of service. All works shall be constructed to specification and to acceptable engineering standards.

The following Geometric Design Criteria and Standards shall be followed -

1. Design Speed (m.p.h)		
Rural Areas	50	
Urban Areas	40	
2. Number of Lanes	2	(Bituminous)
3. Width of each lanes (feet)	12'	
4. Right of way (feet)	200'	
5. Width of shoulder (feet) (Hard Shoulders)	4'~7'	
6. Width of formation (feet)	80'	
7. Maximum Grade (%)	4	
8. Vertical Clearance (feet)	17	
9. Bridge Loading	AASHTO HS 20-44	
10. Pavement Load (Maximum)	60 tons	

နောက်ဆက်တွဲ (က - ၁)

(၁) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများ အားလုံး၏ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို မိမိစရိတ်ဖြင့် အစဉ် ဆောင်ရွက်ရမည်။

(၂) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပေ (၅၀) အောက်တံတားများကို ကိုယ်တိုင် တည်ဆောက်ရမည်။ ပေ (၅၀) နှင့်အထက်၊ ပေ (၁၈၀) အောက် တံတားများကိုမူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စံချိန်စံညွှန်း ဒီဇိုင်း သတ်မှတ်ပေးပြီး "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။ (တံတားတည်ဆောက်မှုကိုလည်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ကုန်ကျစရိတ်ပေးပြီး တံတားတည်ဆောက်မှုလုပ်ငန်း အပ်နှံနိုင်သည်။)

(၃) ပေ (၁၈၀)နှင့် အထက် တံတားကြီးများကို တည်ဆောက်ရာတွင် နိုင်ငံတော်မှ တည်ဆောက်ပါက တံတား အသုံးပြုခကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အသုံးပြုခ လေလံစနစ်ဖြင့် ပေးသွင်းရမည်။ "လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ" မှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အတည်ပြုသော ပုံစံအရ တည်ဆောက်ပါက တံတားအသုံးပြုခကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" တို့၏ ညှိနှိုင်းသဘောတူညီသည့် နှုန်းထားဖြင့် ကောက်ခံရမည်။

ပူးတွဲစာရွက် (၁)

MYANMA ECONOMIC BANK
BRANCH (5)
YANGON

To

The Managing Director
Public Works
Ministry of Construction
Nay Pyi Daw

Date.............................

Dear Sir,

Our Letter of Guarantee No...
Dated ....for K ....
At the request of ....
....

We MYANMA ECONOMIC BANK do hereby agree to pay you against the Guarantee the sum of ....(Kyats ....) being the performance Bank Guarantee in respect of the Contract No ....dated ....

This performance Bank Guarantee will remain in force for the period of ....with effect from the .... and our liability thereunder will expire on ....

Yours faithfully,

Asst: Manager Manager

COUNTERINDEMNITY

In consideration of your issuing a Guarantee as mentioned above we hereby undertakes to hold you harmless from claims, losses, charges and expenses, which may arise by reason of your so doing.

We hereby authorize you to debit to our Account No ....with MYANMA ECONOMIC BANK ....,Yangon, for the commission and charges in connection with this Grarantee.

We also undertake to provide you with necessary Foreign Exchange Permit to cover the Guarantee issued.

To be signed by applicant

(Stamp: ငွေစာရင်း[illegible] မြန်မာ့စီးပွားရေးဘဏ် (၂) ★)

MYANMA ECONOMIC BANK
ACCOUNTS DEPARTMENT

No.

Dated, 14 - 2 - 2011 19

To.

ဦး[illegible]
[illegible]
[illegible]

DEAR SIR,

We hereby certify that the balance standing at the credit of the account of N - ၇၂၀ with the Myanma Economic Bank (2) Mandalay at the close of business on the 2 - 2 - 2011 was K. 1440100000/- (Kyat One Thousand four hundred forty million and one lakh only.)

Yours faithfully,

[signature]
([illegible])
[illegible] (၂)
Manager,
[illegible]

လို့ဝှက်
၈၆

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : NAY MIN YAUNG CONSTRUCTION COMPANY LIMITED Presented by : U Yan Naing

	The Present Christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1.	U Yan Naing	Myanmar 13/Ta Ka Na (Naing) 080315	No.52(B), Inya Road, Ward No.(10) Kamayut Township, Yangon.	Merchant	Managing Director
2.	Daw Ma Ma Lay	Myanmar 13/Ta Ka Na (Naing) 080365	No.52(B), Inya Road, Ward No.(10) Kamayut Township, Yangon.	Merchant	Director
3.	U Zaw Min Myo	Myanmar 13/Ta Ka Na (Naing)143658	No. 4(A), Taw Win Road, Ward No. (4), 9 Mile, Mayangone T/S, Yangon.	Merchant	Appointed as Director w.e.f. 14.3.2011
4.	U Zaw Min Toe	Myanmar 13/Ta Ka Na (Naing)143659	No.2/H, Aye Thar Yar Street, Ward No.(7), Mayangone T/S, Yangon	Merchant	Appointed as Director w.e.f. 14.3.2011
5.	U Than Win	Myanmar 9/Ma Hta La (Naing)014804	No. 91, 1st Street, Pauk Chaung Ward, Meikhtila T/S, Mandalay Division.	Merchant	Appointed as Director w.e.f. 14.3.2011
6.	U Kyaw Win Maung	Myanmar 12/Ka Ma Ya (Naing)035532	No.(65), Yadanarmyaing Street, Ward No(1), Kamaryut T/S, Yangon	Merchant	Appointed as Director w.e.f. 14.3.2011

NOTE : (1) A Complete list of the Directors or Managers or Managing Agents shown as existing in the last particulars.


(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word " in place of .... and by writing against any former Director's name the word "dead" " resigned" or as the case may be giving the date of change against the entry.

Signature ....

Designation ....

လို့ဝှက်

Dated this ....14.3.2011.........



ပုံစံ (၁) - ကတ္တရာလမ်းသား တန့်လန့်ဖြတ်ပိုင်းပုံ

နောက်ဆက်တွဲ (က - ၃)

MATERIAL AND LAYER SPECIFICATION AND CONSTRUCTION TECHNIQUE FOR CONSTRUCTION OF EMBANKMENT

SPECIFICATION		CONSTRUCTION TECHNIQUE	QUALITY CONTROL
MATERIAL	LAYER		
Road side soil shall be used.	1.Degree of Compaction ....G.T.E. 90%(Mod.) 2.Moisture Content of Soil before Rolling = omc(Mod.)+ or - 1% 3.Camber and Level -Deviation under 10' straightedge applied both parallel and right angle to the centre line of the runway —N.G.T. 3/8" -Level of the top most surface —N.G.T. Specified Level —N.L.T. Specified Level - 1/2" Note: N.G.T. = Not Greater Than N.L.T. = Not Less Than G.T.E. = Greater Than or Equal	1.Remove top-soil average 6" depth including clearing grass, shrub, tree, stumps, down timber, rubbish and objectionable materials. 2.Spread soils in layers. 3.Each loose layer thickness > 9" 4.Break lumps and clods of soils into smaller particles. 5.Add or reduce water so that moisture content = omc(Mod.) +/- 2% 6.Compact using heavy compaction equipment to obtain the required Degree of Compaction. 7. Measure density and moisture content. 8. Measure camber and level. 9. Compacted layer which does not conform with layer specification shall be dug out, adjusted and recompacted to conform.	1. Measurement of Density and Moisture content - Frequency of Measurement = 1/500 ft^2 2. Measurement of Camber and Level - Frequency of Measurement = 1/100ft Inconsultation with the Quality Control Engineer frequency of measurement may be changed depending on the quality and uniformity of the construction.

နောက်ဆက်တွဲ (က - ၄)

MATERIAL AND LAYER SPECIFICATIONS AND CONSTRUCTION TECHNIQUE FOR CONSTRUCTION OF SUBGRADE

SPECIFICATION		CONSTRUCTION TECHNIQUE	QUALITY CONTROL
MATERIAL	LAYER		
Borrow soil shall be used.	1. Degree of Compaction ——G.T.E. 95 % (Mod.) 2. Moisture Content:——— = OMC(Mod.) +/- 1% 4. Camber and Level -Deviation under 10' straightedge applied both parallel and right angle to the centre line of the road——————N.G.T. 3/8" -Level of the top most surface —— N.G.T. specified level —— N.L.T. specified level - 1/2" Note:- G.T.E. = Greater Than or Equal to N.G.T. = Not Greater Than N.L.T. = Not Less Than N.G.T. = Not Greater Than	1. Spread and compact soils in layers. 2. Each loose layer thickness N.G.T 9". 4. Break lumps and clods of soil into smaller particles. 5. Add or reduce water so that moisture content = OMC (Mod.) + or - 1% 6. Compact using heavy compaction equipment to obtain required density. 7. Measure density and moisture content 8. Measure camber and level. 9. Subgrade which does not conform with the layer specification shall be dug out, adjusted and recompacted to conform.	1. Measurement of density and moisture content -Frequency of measurement = 1/1000 sq.ft 2. Measurement of camber and level -Frequency of measurement = 1/100 ft 3. Measurement of Thickness = 1/100 ft In consultation with the Quality Control Engineer, frequency of measurement can be changed depending on the quality and uniformity of the construction.

နောက်ဆက်တွဲ (က - ၅)

MATERIAL AND LAYER SPECIFICATION AND CONSTRUCTION TECHNIQUE FOR CONSTRUCTION OF GRANULAR SUB-BASE COURSE.

SPECIFICATION		CONSTRUCTION TECHNIQUE	QUALITY CONTROL
MATERIAL	LAYER		
1. A wide range of materials including lateritic, calcareous and quartzitic gravels,and other transported gravels, or granular materials resulting from the weathering of rocks can be used. 2. Material shall lie within the following limits: - Size (mm) — Percent Passing 50 — 100 37.5 — 80 - 100 20 — 60 - 100 5 — 30 - 100 1.18 — 17 - 75 0.3 — 9 - 50 0.075 — 5 - 25 3. Liquid Limit --------- N.G.T. 25 % 4. Plasticity Index -----N.G.T. 6	1.CBR (Soaked)---G.T.E. 30 % 2.Degree compaction---G.T.E.95% (Mod.) 3.Moisture Content = omc(Mod.) + or - 1% 4.Camber and level - Deviation under 10' Straightedge applied both parallel and at right angle to the centre line of the road ------------------N.G.T. 3/8 -Level of the top most compacted surface---N.G.T. Specified Level ---N.L.T. Specified - 1/2"	Experimental section (minimum length = 100', minimum width = roller width)shall be constructed using the following construction sequence to find its conformity to layer specification. Until the reults of the experimental section is satisfied the construction of the layer shall continue. 1.Spread material in layers. Each loose layer thickness ness shall not exceed 9" 2.Remove or add water so that moisture content = omc(Mod.) + or - 1% 3.Shape the layer to obtain required camber. 4.Compact thoroughly with heavy rubber tyred roller (wheel load 3 tons) or 8 to 10 tons smooth wheeled roller until fully compacted. 5. Measure Moisture and density of the compacted layer. 6. Measure compacted thickness. 7. Measure camber and level. Compacted layer which does not conform with the layer specification shall be dug out,adjusted and recompacted to conform.	1.Measurement of density & moisture -Frequency of measurement --------- = 1/500 sq.ft. 2.Measurement of compacted thickness -Frequency of measurement --------- = 1/100 sq.ft. 3.Measurement of camber and level -Frequency of measurement --------- = 1/100 sq.ft. In consultation with the Quality Control Engineer, frequency of measurement changed depending on the quality and uniformity of the construction.

နောက်ဆက်တွဲ (က - ၆)

MATERIAL AND LAYER SPECIFICATION ,CONSTRUCTION TECHNIQUES AND QUALITY CONTROL FOR CONSTRUCTION OF SUB-BASE COURSE

<table>
<tr><th colspan="2">SPECIFICATION</th><th rowspan="2">CONSTRUCTION TECHNIQUE</th><th rowspan="2">QUALITY CONTROL</th></tr>
<tr><th>MATERIAL</th><th>LAYER</th></tr>
<tr>
<td>- Crushed rock shall be used..

- Material shall lie within the following grading : -

COARSE AGGREGATE
Size — % Passing
4.00" — 100
3.50" — 90 - 100
2.50" — 25 - 60
1.50" — 0 - 15
0.75" — 0 - 5

KEYSTONE
Size — % Passing
3/8" — 100
3/16" — 85 - 100
0.006" — 10 - 30

-Los Angles Abrasion ------ N.G.T. 50 %
-Crushing Value ------------ N.G.T. 40 %
-Flakiness Index ------------- N.G.T. 40 %</td>
<td>1.CBR -------------- N.L.T. 30 %

2.Compacted thickness
-Average compacted thickness --- N.L.T. Design thickness
-Compacted thickness at any point---N.L.T. Design Thickness - 1/2"

3.Camber and level
-Deviation under 10 ft. straight edge applied both parallel and at right angled to the centre line of the road---N.G.T. 3/8"
-Level of the top most compacted surface ---N.G.T. Specified level ---N.L.T. Specified level - 1/2"

NOTE:-

N.G.T. = Not Greater Than
N.L.T. = Not Less Than</td>
<td>1. Spread material in layers. Each compacted layer shall not exceed twice the maximum size of the coarse aggregate.

2. Check camber and level and make adjustment.

3. Compact thoroughly with 8 to 10-ton smooth wheeled roller.

4. Measure CBR and density of the compacted layer.

5. Measure compacted thickness.

6. Measure camber and level.Compacted layer which does not conform to the layer specification shall be dug out,adjusted and recompacted.</td>
<td>1.Measurement of C.B.R

-Frequency of measurement ------- = 1/1000 sq.ft.

2.Measurement of compacted thickness

-Frequency of measurement ------ = 1/100 ft

3.Measurement of camber and level

-Frequency of measurement ------ = 1/100 ft

In consultation with the Quality Control Engineer, frequency of measurement can be changed depending on the quality and uniformity of the construction.</td>
</tr>
</table>

နောက်ဆက်တွဲ (က -

MATERIAL AND LAYER SPECIFICATION AND CONSTRUCTION TECHNIQUE FOR CONSTRUCTION OF WATER-BOUND MACADAM BASE COURSE

SPECIFICATION		CONSTRUCTION TECHNIQUE	QUALITY CONTROL
MATERIAL	LAYER		
-Crushed rock shall be used as base material. Grading and physical properties of coarse aggregate shall be as follows:- Size — % Passing 3.0" - 100 2.5" - 90 - 100 2.0" - 35 - 70 1.5" - 0 - 15 0.75" - 0 - 5 -Specific Gravity = 2.5 - 3.0 -Los-Angeles Abrasion Value.....................N.G.T. 40% -Crushing Value ....N.G.T. 30% -Absorption...........N.G.T. 2% -Flakiness Index.....N.G.T. 30% -Properties of stone screening shall be as follows: Size — % Passing 3/8" - 100 3/16" - 85 - 100 0.006" - 10 - 30 -it shall be clean and devoid of clay or vegetable matter and Plasticity Index ....N.G.T. 6%	1. CBR of compacted Layer———— G.T.E 80% 2. Compacted thickness:- -Average compacted thickness......... G.T.E. Design thickness -Compacted thickness at any point......... N.L.T. design thickness minus 1/2" 3. Camber and level -Gap under 10' straight edge applied both parallel and right angled to the center line .......N.G.T. 1/4" -Level of the top most compacted surface ..N.G.T.specified level .. N.L.T.specified level minus 3/4" NOTE:- N.G.T. = Not Greater Than G.T.E. = Greater Than or Equal to N.L.T. = Not Less Than	1.Spreading bottom layer of stone screening. Loose layer thickness = 1" 2.Compact with 3-5 tons smooth wheeled roller. 3.Spread coarse aggregate layer.(Each compacted layer thickness not greater than 4") 4. Check camber.Compact with 8-10 ton smooth wheeled roller. 5.Spread stone screenings. During the application of stone screening rolling shall continue (if possible with vibrating roller)with the spraying of water to cause stone screening fall into and fill the void space of the coarse aggregate. The filling shall continue, placing ,sweeping stone screening by hand where necessary until no more fines will go in and there is an excess on the surface of the layer just sufficient to form a wave infront of the roller. The amount of the grout shall be sufficient to fill all the remaining voids voids but only sufficient to fill all the remaining voids but only enough to produce a final mosaic. 6.Measure C.B.R of the layer,compacted thickness, camber and level. Base course which does not conform with the layer specification shall be dug out, adjusted and thoroughly compacted to conform.	1. Measurement of CBR -Frequency of measurement = 1/1000 s[illegible] 2. Measurement of compacted thickness. -frequency of measurement = 1/100 f[illegible] 3. Measurement of camber and level. -frequency of measurement = [illegible] In consultation [illegible] Control Engineer, [illegible] surement can be changed [illegible] on the quality and [illegible] construction

နောက်ဆက်တွဲ (က - ၈)

MATERIAL AND LAYER SPECIFICATION AND CONSTRUCTION TECHNIQUE FOR CONSTRUCTION OF SEMI-GROUT PENETRATION MACADAN SURFACE COURSE

SPECIFICATION

MATERIAL

1.CRUSHED ROCK

Crushed rock shall consist of hard, durable fragment of rock whose properties shall be within the following limit-

SIZE(mm)	% PASSING COARSE	KEYSTONE	CHIPPING
67.50	100	-	-
50.00	95 - 100	-	-
37.50	35 - 70	-	-
25.00	0 - 15	-	-
20.00	-	100	-
12.50	0 - 5	90 - 100	100
9.50	-	0 - 70	85 - 100
5.00	-	0 - 15	10 - 30
2.36	-	0 - 5	0 - 16
1.18	-	-	0 - 5
Application rate		48 Sq.Yd./ton	120 Sq.Yd/ton

Specific Gravity ———————— = 2.5 - 3.0
Silt and Clay Content ———————— N.G.T. 1.0%
Los Angles Abrasion Value ———— N.G.T. 25.0%
Crushing Value ———————— N.G.T. 25.0%
Absorption ———————— N.G.T. 2.0%
Flakiness Index ———————— N.G.T. 30.0%

2.BITUMEN

-80/100 pen. grade bitumen shall be used.
-Rate of spray = 0.50 - 0.56 gal./sq.yd. (1st. application)
-Rate od spray = 0.22 - 0.3 gal./sq.yd. 2nd. application

LAYER

1.Grading and amount of coarse aggregate, keystone and chipping shall conform to material specification.

2.Compacted thickness:-
- Average compacted thickness ———— G.T.E. Design thickness
- Compacted thickness at any point ———— G.T.E. Design thickness-1/4"

3.Camber and Level:-
-Deviation under 10' straight-edge applied both parallel and right angled to the center line of the road ———— N.G.T 1/8"
-Level of the top surface ———— N.G.T. specified level
———— N.L.T specified level - 3/8"

Note:-
G.T.E. = Greater Than or Equal to
N.G.T. = Not Greater Than
N.L.T. = Not Less Than

CONSTRUCTION TECHNIQUE

1.Spred coarse aggregate.Measured camber & level.
2.Compact with 8-10 tons smooth wheeled roller.
3.Spray bitumen uniformly.
-Spraying temperature = 300 Deg.F - 350 Deg.F.
-Spraying Rate = 0.50 - 0.56 gal./sq.yd.
4.Spreading and rolling of key stone.
-The keystone shall preferably be applied immediately after spraying bitumen in a number of application,the first being just sufficient to prevent the roller wheel sticking.
-Then as rolling continues,further keystones shall be spread until all the voids in coarse aggregate layer have been filled without having any loose key stone on the surface of the coarse aggregate layer.
-Rolling shall continue until key stones are thoroughly embedded into the voids of coarse aggregate layer and until there is little or no movement under the roller.
5.Broom excess Keystone,Check camber & level.
6.Spray bitumen for seal coat.
-Spraying Rate = 0.22 - 0.3 gal./sq.yd.
7.Spread chipping and roll with pneumatic tyred roller immediately after the application of bitumen.

-Approximate spreading rate = 120 sq.yd./ton.
-Rolling shall continue until the chippings are firmly embedded in the bituminous material.
8.Broom excess chipping.Measure camber and levvel.
Surface course which does not conform to the specification shall be dug out,replaced and constructed to conform.

QUALITY CONTROL

1.Measurement of grading of coarse aggregate,keystone and chipping.
-Frequency of measurement = 1/furl

2.Measurment of bitumen spraying rate and temperature.
-Frequency of measurement = 1/furl

3.Measurement of compacted thickness,camber and level.
-Frequency of measurement = [illegible]

နောက်ဆက်တွဲ (က - ၉)

MATERIAL AND LAYER SPECIFICATION,CONSTRUCTION TECHNIQUE FOR CONSTRUCTION OF HARD SHOULDER

<table>
<tr><th colspan="2">SPECIFICATION</th><th rowspan="2">CONSTRUCTION TECHNIQUE</th><th rowspan="2">QUALITY CONTROL</th></tr>
<tr><th>MATERIAL</th><th>LAYER</th></tr>
<tr>
<td>- Laterite (or) Gravelly Soil shall be used.

- Material shall lie within the following grading : -

COARSE AGGREGATE

Size — % Passing
2.00" — 100
1.00" — 75 - 95
0.75" — -
0.50" — -
0.375" — 40 - 75
Sieve No. 10 — 20 - 45
Sieve No. 40 — 15 - 30
Sieve No. 100 — 5 - 20</td>
<td>1.Degree of compaction — N.L.T. 100 % (Mod.)

2.Soaked CBR ----------------N.L.T. 25%

3.Moisture content = omc(Std.) + or - 1 %

4.Compacted thickness
-Average compacted thickness —— N.L.T. Design thickness
-Compacted thickness at any point——N.L.T. Designthickness-1/2"

5.Camber and level
-Deviation under 10 ft. straight edge applied both parallel and at right angle to the centre line of the road---------N.G.T. 1/4"
-Level of the top most compacted surface ----------------N.G.T. Specified level
-----------N.L.T. Specified level - 3/4"

NOTE:-
N.G.T. = Not Greater Than
N.L.T. = Not Less Than
OMC = Optimum Moisture Content</td>
<td>1. Spread crushed laterite or Gravelly Soil on approved subgrade.

2. Adjust moisture content.

3. Check camber and level and make adjustment.

4. Compact thoroughly with 8 to 10-ton smooth wheeled roller.

5. Measure CBR and density of the compacted layer.

6. Measure compacted thickness.

7. Measure camber and level.Compacted layer which does not conform to the layer specification shall be dug out,adjusted and recompacted to conformity.</td>
<td>1.Measurement of Density, Moisture and CBR
-Frequency of measurement ----- = 1/1000 sq.ft.

2.Measurement of compacted thickness
-Frequency of measurement ----- = 1/100 ft.

3.Measurement of camber and level
-Frequency of measurement ----- = 1/100 ft.

In consultation with Quality Control Engineer,frequency of measurement may be adjusted depending on the quality of construction.</td>
</tr>
</table>

2DRN1

နောက်ဆက်တွဲ (က - ၁၀)

SPECIFICATION FOR CONSTRUCTION OF DRAINAGE LAYER

<table>
<tr><th>MATERIAL</th><th>LAYER</th><th>CONSTRUCTION SQUENCE</th></tr>
<tr>
<td>1. Material to be used.
a. Shall be free from organic materials,clay balls and other deleterious substances.
b. It shall consits of natural sand or stone screening and conform to the following grading requirement:-

Sieve size — % Passing
9.50 mm — 100
4.75 mm — 95 - 100
1.18 mm — 45 - 80
6.30 mm — 10 - 30
0.15 mm — 2 - 10

2. Material to be used in the last 2' from shoulder edge.
a. It shall be hard, durable, clean,free from organic material,clay balls and other deleterious substances.
b. Gravel or crushed rock which conform to the following grading requirement shall be used:-

Sieve size — % Passing
50.00 mm — 100
37.50 mm — 95 - 100
20.00 mm — 60 - 80
10.00 mm — 40 - 60
5.00 mm — 25 - 40
2.36 mm — 15 - 30
0.60 mm — 8 - 22
0.075mm — 5 - 12</td>
<td>1. Compacted layer shall conform to the dimensions shown in design cross-section.

2. Degree of compaction -------- G.T.E.100 % std.

3. Cross fall ------------------ G.T.E. 2.5 %

4. The end shall be daylighted.

NOTE:-

G.T.E. = Greater Than or Equal to</td>
<td>1. Check and adjust cross fall of the surface to be laid with drainage material.

2. Spread material as shown in design cross section.

3. Compact throughly.

4. Check to find its conformity with material and layer specifications.</td>
</tr>
</table>

နောက်ဆက်တွဲ (ခ)

လမ်း–တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ

၁။ လမ်းအသုံးပြုခကောက်ခံရန်ဂိတ်များ

လမ်းအသုံးပြုခကောက်ခံရန် ဂိတ်တည်ဆောက်သောနေရာသည် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ တာဝန်ယူသောလမ်းအပိုင်း၏ မိုင်အရှည်အရ လမ်းတစ်မိုင်နှုန်းအပေါ်အခြေခံ၍ လမ်းအသုံးပြုခကောက်ခံသွားရန်နှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းမှခွင့်ပြုသော၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ အသိအမှတ်ပြုသော သင့်တော်သည့်နေရာ ဖြစ်ရပါမည်။

၂။ တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ

" **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ** "သည် ခွင့်ပြုထားသောလမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ(၁၈၀)နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** တို့၏ ညှိနှိုင်း သဘောတူညီသည့်နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။

တံတားအသုံးပြုခကို နီးစပ်ရာ လမ်းအသုံးပြုခ ကောက်ခံသည့်ဂိတ်တွင် တစ်ပေါင်းတည်း ကောက်ခံသွားရန် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက- ၆(က)/မ- ၁၁၃၇/ ၂၀၁၁ (၅၃၅၅)
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Nay Min Yaung Construction Co., Ltd)မှ တောင်ကြီး- လွိုင်လင်- နမ့်စန် လမ်းအပိုင်းအား B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း အသုံးပြုခကောက်ခံ ခြင်း လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ် ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စ။**

၁။ မြန်မာကုမ္ပဏီဖြစ်သော နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd) မှ တောင်ကြီး-လွိုင်လင်-နမ့်စန် လမ်းအပိုင်း (၇၃) မိုင် ကို B.O.Tစနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးရန်နိုင် (အဘ-ဦးဖေသန်း)မှ ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြု တင်ပြ လာခြင်း ဖြစ်ပါသည်။

၂။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်အား (၆-၆-၂၀၁၁) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၆/၂၀၁၁) အစည်းအဝေးသို့ တင်ပြခဲ့ရာ နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်မှဆောင်ရွက်မည့် တောင်ကြီး- လွိုင်လင်- နမ့်စန် လမ်းအပိုင်း အဆိုပြုချက်အား အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရန်ဆုံးဖြတ်ခဲ့ပါသည်။ **နောက်ဆက်တွဲ(က)**

၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ အဆိုပြုလမ်းအပိုင်း ၏ လုပ်ငန်းဆောင်ရွက်ခွင့် အား သဘောတူသဖြင့် အစိုးရအဖွဲ့ အစည်းအဝေး သို့ ဆက်လက် တင်ပြပေးပါရန် ဆောက်လုပ် ရေး ဝန်ကြီးဌာနမှ တင်ပြလာခြင်းဖြစ်ပါသည်။ **နောက်ဆက်တွဲ(ခ)**

၄။ အဆိုပြုလမ်းအပိုင်းတွင် ဌာနမှ တည်ဆောက်သည့် မိုင်းပွန် တံတား(၂၈၀')တစ်စင်း ရှိပါသည်။ အဆိုပြုလမ်းအပိုင်းတွင် အသွား/အပြန် ခရီးစဉ်အတွက် တောင်ကြီးဂိတ် တွင် (၁)ဂိတ်၊ လွိုင်လင်တွင်(၁)ဂိတ်နှင့် နမ့်စန်တွင်(၁)ဂိတ် ထားရှိ၍ လမ်းအသုံးပြုခကောက်ခံမည်ဖြစ်ပါသည်။

၅။ အဆိုပြုလမ်းအပိုင်းအား B.O.T စနစ်ဖြင့် လမ်းအဆင့် တိုးမြှင့်ဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ ၏ (၈/၂၀၁၀) အစည်းအဝေး ခွင့်ပြုချက်အရ (၃၀-၃-၂၀၁၀) နေ့မှစ၍ လုပ်ငန်း ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။

၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း နှင့် ကုမ္ပဏီတို့ ချုပ်ဆိုမည့် ပဋိညာဉ်စာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းဖောက်လုပ်သည့် လုပ်ငန်းကာလ(တည်ဆောက်ရေး ကာလ)မှာ (၃)နှစ်ဖြစ်ပါ သည်။(စာချုပ်အပိုဒ် ၉-ဂ(၁))

(ခ) လုပ်ငန်း သက်တမ်း ကာလမှာ နှစ်(၄၀) ဖြစ်ပြီး နှစ်ဖက်သဘောတူပါက တစ်ကြိမ်လျှင် (၅)နှစ်စီ ဖြင့် (၃)ကြိမ် တိုးမြှင့်နိုင်သည်။ လုပ်ငန်းသက်တမ်းကာလကို လမ်းဖောက်လုပ်သည့်လုပ်ငန်း ကာလ (၃)နှစ် အထိ ဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးသည့်နေ့၊ ထိုနှစ်ရပ်အနက်စောရာ နေ့ရက်ကာလမှ စတင်သတ်မှတ်မည် ဖြစ်ပါသည်။(စာချုပ်အပိုဒ် ၅-ဃ)

(ဂ) အဆိုပြုကုမ္ပဏီများမှ အောက်ပါလမ်းအသုံးပြုခ နှုန်းထားများအတိုင်း ကောက်ခံမည် ဖြစ်ပါသည်- (စာချုပ်အပိုဒ် ၈-က)

စဉ်	ယာဉ်အမျိုးအစား	လမ်းအသုံးပြုခနှုန်း တစ်မိုင်နှုန်း
၁။	(၁)တန်အောက် ယာဉ်ငယ်များ	၄ ကျပ် ၁၃ ပြား
၂။	(၁)တန်မှ (၃)တန်အထိ ယာဉ်များ	၁၂ ကျပ် ၃၉ ပြား
၃။	(၅)တန်အောက် ကားကြီးများ	၂၀ ကျပ် ၆၅ ပြား
၄။	(၁၀)တန်အောက် ကုန်တင်ယာဉ်ကြီးများ	၄၁ ကျပ် ၃၀ ပြား
၅။	(၂၀)တန်အထိ ကုန်တင်ယာဉ်ကြီးများ	၈၂ ကျပ် ၅၉ ပြား
၆။	(၂၀)တန်အထက် တန်ပို(၁)တန်လျှင်	၈ ကျပ် ၂၆ ပြား

(ဃ) တံတားအသုံးပြုခများကို ပေ(၁၈၀)နှင့် အထက် ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ် ဖြင့် ကောက်ခံမည်ဖြစ်ပါသည်။(စာချုပ်အပိုဒ် ၈-ခ(၁))

(င) လမ်း၊ တံတားအသုံးပြုခ ရငွေအပေါ် ခွင့်ပြုကာလ အပိုင်းအခြား အလိုက် အောက်ပါ သတ်မှတ်ထားသည့် ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော်သို့ ပေးသွင်း ရမည် ဖြစ်ပါသည်။(စာချုပ်အပိုဒ် ၅-ပ)

(၁)	ပထမ (၃)နှစ်အတွက်။	ကင်းလွတ်ခွင့်ကာလ
(၂)	(၄)နှစ်မြောက်မှ(၁၃)နှစ်မြောက်အထိ (၁၀)နှစ်။	၅% ပေးသွင်းရန်
(၃)	(၁၄)နှစ်မြောက်မှ(၂၃)နှစ်မြောက်အထိ (၁၀)နှစ်။	၁၀% ပေးသွင်းရန်
(၄)	(၂၄)နှစ်မြောက်မှ(၃၃)နှစ်မြောက်အထိ (၁၀)နှစ်။	၁၅% ပေးသွင်းရန်
(၅)	(၃၄)နှစ်မြောက်မှ(၄၀)နှစ်မြောက်အထိ (၇)နှစ်။	၂၀% ပေးသွင်းရန်

(မှတ်ချက်။ B.O.T နှစ် လေးဆယ် ပြည့်ပြီးနောက် သက်တမ်းတိုးခွင့် ရရှိပါက နိုင်ငံတော်မှသတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။)

(စ) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် ဘဏ်အာမခံကြေးငွေအဖြစ် စာချုပ် ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသော ငွေကို ထားရှိပေးရမည်။ယင်းသက်တမ်းသည် စတင်ထုတ်ပေးသည့် နေ့မှလုပ်ငန်း ပြီးဆုံးအောင် ဆောင်ရွက်သည်အထိ ဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာရပြီး ရက်(၃၀)အတွင်း လုပ်ငန်းစတင်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ သတ်မှတ်ကာလ အတွင်းလုပ်ငန်းကို ပြီးစီး အောင်ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ်အာမခံငွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သိမ်းယူ ရမည် ဖြစ်ပါသည်။ ဘဏ် အာမခံငွေ ကို လုပ်ငန်း အပြီးသတ် ဆောင်ရွက် ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း(၃၀)အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် ရသူသို့ ပြန်လည် ထုတ်ပေးရမည်။(စာချုပ်အပိုဒ် -၆)

(ဆ) အဆိုပြုကုမ္ပဏီများသည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံ လုပ်ကိုင်ခွင့်မပြုရပါ။ (စာချုပ်အပိုဒ် ၅-ထ)

Nay Min Yaung Cab-

(ဇ) လုပ်ငန်းစတင်သည့်နေ့သည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ(ဌာန)မှ လုပ်ငန်းစတင်ရန် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူ (ကုမ္ပဏီ)သို့ အကြောင်းကြားသည့်နေ့ ဖြစ်သည်။ (စာချုပ်အပိုဒ် ၉-ခ)

(ဈ) လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသည့် ကာလ နှစ် (၄၀) သို့မဟုတ် နောက်ထပ် တိုးမြှင့် ကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် တံတားများ၊ ဂိတ်များနှင့် အဆောက်အဦ များကို ဆောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန်သည့်အနေအထားအတိုင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း ပေးရမည် ဖြစ်ပါသည်။(စာချုပ်အပိုဒ် -၂၀)

၇။ လုပ်ငန်းအဆိုပြုချက်အား **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြ အပ်ပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် (၆၁၄၅.၃၈) သန်း ဖြစ်ပါသည်။ ကျပ် (၁၅၁၃.၀၀ သန်း) တန်ဖိုးရှိ စက်ပစ္စည်းများ နှင့် ကျပ် (၂၁၅၀.၀၀သန်း) တန်ဖိုးရှိ ကတ္တရာများကို ပြည်တွင်းမှ ဝယ်ယူမည် ဖြစ်ပါသည်။

၈။ လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် (၇)နှစ် မြောက်တွင် ဝင်ငွေခွန် ကျပ်(၈.၉၇)သန်း နှင့် လမ်း ဖြတ်သန်းခ ကျပ်(၂၁.၅၁)သန်း ရရှိသဖြင့် စုစုပေါင်း ကျပ်(၃၀.၄၈)သန်း နိုင်ငံတော်မှ ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေ ကာလ မှာ(၃၄)နှစ် ဖြစ်ပြီး အရင်းအနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၁.၀၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်းတွင် တည်ဆောက်ရေး ကာလအတွင်း ပြည်တွင်းမှ လုပ်သား(၄၂၅)ဦးနှင့် လုပ်ငန်းဆောင်ရွက်သည့် ကာလတွင် ပြည်တွင်း မှ လုပ်သား(၁၃၀)ဦးခန့် ထားမည် ဖြစ်ပါသည်။

၉။ ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ ဦးရန်နိုင် အမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်ရှိ (၂-၂-၂၀၁၁)နေ့ ငွေလက်ကျန် ကျပ်(၁၄၄၀.၀၀)သန်း တင်ပြ ထားပါသည်။သုံးစွဲရန်ကျပ်ငွေ၏ (၂၃ %) ကို တင်ပြထားကြောင်း စိစစ်ရပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို လည်းကောင်း ခံစားခွင့် ပြုရပါမည်။

<u>ဆုံးဖြတ်ရန်အချက်</u>

၁၁။ နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd) မှ တောင်ကြီး-လွိုင်လင်-နမ့်စန် လမ်းအပိုင်း (၇၃) မိုင် ကို B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း အသုံး ပြုခ ကောက်ခံခြင်း လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုရန် သဘောတူ - မတူ။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ထောက်ခံချက်

၁၂။ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(တင်နိုင်သိန်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့

နောက်ဆက်တွဲ(က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဖက်(စ)၉၅-၆၇-၄၀၆၃၃၃ | တယ်လီဖုန်း-၀၆၇-၄၀၆၀၇၅၊ ၄၀၆၁၆၁

စာအမှတ်၊ ရက-၆(က)/ မ- လမ်း/၂၀၁၁(၆၃၈၇)
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်

သို့

ဝန်ကြီးရုံး
ဆောက်လုပ်ရေး ဝန်ကြီးဌာန

အကြောင်းအရာ။ **မကွေး- ရေနံချောင်း- ဝွေးချို- ကျောက်ပန်းတောင်း လမ်းအပိုင်း (ကောင်းမွန် (မကွေး) ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်)၊ ကသာ-အင်းတော် လမ်းအပိုင်း နှင့် နဘား-နန့်စီးအောင် လမ်းအပိုင်း (ဆုထူးပန် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်) နှင့် တောင်ကြီး- လွိုင်လင်- နမ့်စန် လမ်းအပိုင်း (နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်) တို့ အား BOT စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်ရေး ဝန်ကြီးဌာန မှတစ်ဆင့် အဆိုပြုချက်များ တင်ပြ လာခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၏

(၁) (၂၃-၂-၂၀၁၀) ရက်စွဲ ပါစာအမှတ် ၁/ခွဲ-၂ /ထွေ/၂၀၁၀ (စီ ၁၃၄၄) (ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(၂) (၁၅-၂-၂၀၁၁) ရက်စွဲ ပါစာအမှတ် ၁/ခွဲ-၂ /ထွေ/၂၀၁၀(စီ ၁၁၅၂) (ကောင်းမွန် (မကွေး)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

(၃) (၂၃-၃-၂၀၁၁) ရက်စွဲ ပါစာအမှတ် ၁/ခွဲ-၂ /ထွေ/၂၀၁၀(စီ ၂၁၈၂) (နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

၁။ အထက် အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ ရည်ညွှန်းပါစာများဖြင့် တင်ပြခြင်းကို (၂၁-၆-၂၀၁၁)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဤကော်မရှင်၏ (၆/၂၀၁၁) အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

Road 3 R

၂။ ယင်းအစည်းအဝေးမှ အောက်ပါအတိုင်းဆုံးဖြတ်ပါသည်။

(က) ကောင်းမွန် (မကွေး) ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် မှ ဆောင်ရွက်မည့် မကွေး- ရေနံချောင်း- ဂွေးချို- ကျောက်ပန်းတောင်း လမ်းအပိုင်း အဆိုပြုချက်အား ပြန်လည်ပြင်ဆင်တင်ပြရန်၊

(ခ) ဆုထူးပန် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် မှ ဆောင်ရွက်မည့် ကသာ-အင်းတော် လမ်းအပိုင်း နှင့် နဘား-နန့်စီးအောင် လမ်းအပိုင်း အဆိုပြုချက်အား ပြန်လည်ပြင်ဆင်တင်ပြရန်၊

(ဂ) နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်မှဆောင်ရွက်မည့် တောင်ကြီး-လွိုင်လင်- နမ့်စန် လမ်းအပိုင်း အဆိုပြုချက်အား အစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရန်၊

၃။ အထက်ပါ အစည်းအဝေးဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန်နှင့် နေမင်းရောင် ဆောက်လုပ် ရေး ကုမ္ပဏီ လီမိတက်၏ အဆိုပြုချက်အား အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြနိုင်ရန် အဆိုပြုချက် (၁၃)စုံကို Adobe Acrobat Reader (Pdf) File ဖြင့် ထည့်သွင်းထားသော CD Copy နှင့်အတူ ဤကော်မရှင်သို့ ပေးပို့ပါရန် အကြောင်းကြား အပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(အေးကို၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူ -

- ဦးဆောင်ညွှန်ကြားရေးမှူး
  ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
- ကောင်းမွန် (မကွေး) ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်
- ဆုထူးပန် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်
- နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်
- ရုံးလက်ခံ / မျှောစာတွဲ။

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် လ ၂၂ ရက်၊

အကြောင်းအရာ။ **နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Nay Min Yaung Construction Co., Ltd)မှ တောင်ကြီး- လွိုင်လင်- နမ့်စန် လမ်းအပိုင်း အား B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခကောက်ခံ ခြင်း လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ် ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်း ကိစ္စ။**

M-285
22/7

၁။ မြန်မာကုမ္ပဏီ ဖြစ်သော နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd.) မှ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်းပိုင် တောင်ကြီး-လွိုင်လင်-နမ့်စန် လမ်းအပိုင်း (၇၃) မိုင် ကို B.O.T စနစ်ဖြင့် ပြုပြင် ဖောက်လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေနှင့် အညီ ဆောင်ရွက်ခွင့် အဆိုပြုချက်အား (၆-၆-၂၀၁၁) နေ့တွင် ကျင်းပသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၁၁) အစည်းအဝေး၌ တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှ စိစစ်ခဲ့ပြီး (၂၁-၇-၂၀၁၁)နေ့တွင် ကျင်းပသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့၏ (၁၅/၂၀၁၁) အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၀ နှင့် ယင်းဥပဒေ ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း(၄) ၊ အပိုဒ် ၁၂ တို့နှင့် အညီ နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd.) အား တောင်ကြီး-လွိုင်လင်-နမ့်စန် လမ်းအပိုင်း (၇၃) မိုင် ကို BOT စနစ်ဖြင့် ပြုပြင် ဖောက် လုပ်၍ လမ်းတံတား အသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ထုတ်ပေးမည့် ခွင့်ပြုမိန့် နှင့် အမိန့်ကြော်ငြာစာ တွင် လက်မှတ် ရေးထိုး ပေးနိုင်ပါရန် ပြုစု တင်ပြ အပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(အောင်နိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဥက္ကဌ

ရုံးတွင်းစာအကျဉ်းချုပ်
သို့မဟုတ် စာကြမ်းရေးရန်အတွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၃၇ / ၂၅၇ /အဖရ (၁၅/ ၂၀၁၁)။
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်။

အ မှာ စာ

အကြောင်းအရာ။ **နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd)မှ တောင်ကြီး - လွိုင်လင် - နမ့်စန်လမ်းအပိုင်းအား B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စ။**

၁။ ၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၂၁ရက် (ကြာသပတေး)နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၁) မှတ်တမ်း ကောက်နုတ်ချက်ကို ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်။

၂။ မှတ်တမ်းကောက်နုတ်ချက်ကို ရရှိကြောင်းပြန်ကြားရန်နှင့် ဌာနဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်ကိုလည်း ပြန်လည်အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(အောင်လွင်ဦး)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၃၇။ နေမင်းရောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd)မှ တောင်ကြီး - လွိုင်လင် - နမ့်စန် လမ်းအပိုင်းအား B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှတစ်ဆင့်အဆိုပြုချက် တင်ပြလာခြင်းကိစ္စ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် နေ့စွဲပါ အမှာစာ အမှတ်၊ ရက-၆(က)/မ-၁၁၃၇/၂၀၁၁(၇၃၅၅)။
အမှာစာကို သဘောတူကြသည်။

ဆောင်ရွက်ရန်၊
ရင်းနှီးမြှုပ်နှံမှု။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက- ၆(က)/မ- ၁၁၃၇/၂၀၁၁ (၅၃၅၅)
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် (Nay Min Yaung Construction Co., Ltd)မှ တောင်ကြီး- လွိုင်လင်- နမ့်စန် လမ်းအပိုင်းအား B.O.T စနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်း အသုံးပြုခကောက်ခံ ခြင်း လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ် ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စ။**

၁။ မြန်မာကုမ္ပဏီဖြစ်သော နေမင်းရောင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် (Nay Min Yaung Construction Co., Ltd) မှ တောင်ကြီး-လွိုင်လင်-နမ့်စန် လမ်းအပိုင်း (၇၃) မိုင် ကို B.O.Tစနစ်ဖြင့် ပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးရန်နိုင် (အဘ-ဦးဖေသန်း)မှ ဆောက်လုပ်ရေး ဝန်ကြီးဌာန မှ တစ်ဆင့် အဆိုပြု တင်ပြ လာခြင်း ဖြစ်ပါသည်။

(င) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ၊ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိလုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပြည်ပပွင်းမှ ပန်ယမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်အားခ၊ နေအိမ်၊ အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

နောက်ဆက်တွဲ (၁၀)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
NAY MIN YAUNG CONSTRUCTION CO., LTD.
Kyat Earning Statement

(-000)

Particulars	YEAR									
	1	2	3	4	5	6	7	8	9	10
Income										
ll Fees Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Expenditure										
Expenses	363,635	363,635	363,635	399,610	399,818	400,029	400,242	400,457	400,674	400,894
Commercial Tax										
Corporate Tax				5,368	6,557	7,759	8,973	10,199	11,437	12,688
Depreciation										
Loan Reapyment										
Total Expenses	363,635	363,635	363,635	404,977	406,376	407,788	409,215	410,656	412,112	413,582
Net Kyat Earning	41,588	45,641	49,733	12,524	15,301	13,105	20,937	23,798	26,687	29,605

နောက်ဆက်တွဲ (၁၀)

Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	11	12	13	14	15	16	17	18	19	20
Income										
Toll Fees Income	447,618	452,094	456,615	461,182	465,793	470,451	475,156	479,907	484,706	489,554
	447,618	452,094	456,615	461,182	465,793	470,451	475,156	479,907	484,706	489,554
Expenditure										
Expenses	401,115	401,339	401,565	436,753	437,214	437,680	438,150	438,625	439,105	439,590
Commercial Tax										
Corporate Tax	13,951	15,227	16,515	7,329	8,574	9,831	11,102	12,385	13,680	14,989
Depreciation										
Loan Repayment										
Total Expenses	415,066	416,566	418,080	444,081	445,788	447,511	449,252	451,010	452,786	454,579
Net Kyat Earning	32,552	35,529	38,535	17,100	20,006	22,940	25,904	28,897	31,921	34,975

နောက်ဆက်တွဲ (၁၀)

Sheet (3)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Kyat Earning Statement

(-000)

Particulars	YEAR									
	21	22	23	24	25	26	27	28	29	30
Income										
'l Fees Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Expenditure										
Expenses	440,079	440,574	441,073	475,689	476,453	477,225	478,005	478,792	479,587	480,390
Commercial Tax										
Corporate Tax	16,311	17,646	18,994	10,123	11,422	12,734	14,059	15,397	16,749	18,114
Depreciation										
Loan Repayment	-	-	-	-	-	-	-	-	-	-
Total Expenses	456,390	458,220	460,068	485,812	487,875	489,959	492,064	494,189	496,336	498,505
Net Kyat Earning	38,059	41,174	44,320	23,619	26,651	29,712	32,804	35,927	39,081	42,267

နောက်ဆက်တွဲ (၁၀)

Sheet (4)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်
NAY MIN YAUNG CONSTRUCTION CO., LTD.
Kyat Earning Statement

(-000)

Particulars	YEAR									
	31	32	33	34	35	36	37	38	39	40
Income										
..l Fees Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Expenditure										
Expenses	481,201	482,021	482,848	516,572	517,698	518,835	519,983	521,142	522,313	523,496
Commercial Tax										
Corporate Tax	19,493	20,886	22,293	13,847	15,198	16,562	17,939	19,331	20,736	22,156
Depreciation										
Loan Repayment	-	-	-	-	-	-	-	-	-	-
Total Expenses	500,695	502,907	505,141	530,419	532,895	535,396	537,922	540,473	543,050	545,652
Net Kyat Earning	45,485	48,734	52,017	32,310	35,461	38,644	41,858	45,105	48,384	51,696

နောက်ဆက်တွဲ (၉)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Calculation of Internal Rate of Return

(000)

Year	Net Cash Flow	DF 1 %		DF 5%	
		Rate	PV	Rate	PV
0	6,145,382		-6145382		-6145382
1	195,223	0.990	193290	0.952	185927
2	199,275	0.980	195349	0.907	180749
3	203,368	0.971	197387	0.864	175677
4	166,159	0.961	159676	0.823	136699
5	168,935	0.951	160736	0.784	132365
6	171,740	0.942	161786	0.746	128155
7	174,572	0.933	162826	0.711	124065
8	177,432	0.923	163856	0.677	120093
9	180,321	0.914	164875	0.645	116237
10	183,239	0.905	165884	0.614	112493
11	186,187	0.896	166883	0.585	108859
12	189,163	0.887	167873	0.557	105333
13	192,170	0.879	168852	0.530	101912
14	170,735	0.870	148533	0.505	86233
15	173,640	0.861	149565	0.481	83524
16	176,575	0.853	150587	0.458	80891
17	179,539	0.844	151598	0.436	78332
18	182,532	0.836	152600	0.416	75846
19	185,555	0.828	153592	0.396	73431
20	188,609	0.820	154574	0.377	71085
21	191,693	0.811	155546	0.359	68807
22	194,808	0.803	156508	0.342	66595
23	197,954	0.795	157461	0.326	64448
24	177,254	0.788	139599	0.310	54961
25	180,285	0.780	140581	0.295	53239
26	183,347	0.772	141552	0.281	51565
27	186,439	0.764	142514	0.268	49937
28	189,562	0.757	143467	0.255	48356
29	192,716	0.749	144410	0.243	46820
30	195,902	0.742	145344	0.231	45327
31	199,119	0.735	146268	0.220	43878
32	202,369	0.727	147184	0.210	42470
33	205,651	0.720	148090	0.200	41104
34	185,944	0.713	132573	0.190	35395
35	189,096	0.706	133485	0.181	34281
36	192,278	0.699	134388	0.173	33198
37	195,493	0.692	135282	0.164	32146
38	198,740	0.685	136167	0.157	31124
39	202,019	0.678	137044	0.149	30131
40	205,331	0.672	137911	0.142	29166
			315		-2964530

Internal Rate of Return = 1.01%

Pay Back Year = 34 Year

နောက်ဆက်တွဲ (၆)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	1	2	3	4	5	6	7	8	9	10
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Total Income	405,223	409,275	413,368	417,502	421,677	425,893	430,152	434,454	438,798	443,186
Road Maintenance	60,000	60,000	60,000	72,000	72,000	72,000	72,000	72,000	72,000	72,000
Other Expenditures	25,000	25,000	25,000	27,500	27,500	27,500	27,500	27,500	27,500	27,500
Electricity & Others	20,000	20,000	20,000	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State				20,875	21,084	21,295	21,508	21,723	21,940	22,159
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	363,635	363,635	363,635	399,610	399,818	400,029	400,242	400,457	400,674	400,894
Gross Profit	41,588	45,641	49,733	17,892	21,858	25,864	29,910	33,997	38,124	42,293
Corporate Tax				5,368	6,557	7,759	8,973	10,199	11,437	12,688
Profit After Tax	41,588	45,641	49,733	12,524	15,301	18,105	20,937	23,798	26,687	29,605

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

နောက်ဆက်တွဲ (၆)

Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတ

NAY MIN YAUNG CONSTRUCTION CO., LTI

Projected Profit And Loss Account

(-000)

PARTICULARS	11	12	13	14	15	16	7	18	19	20
	Local	Local	Local	Local	Local	Local	cal	Local	Local	Local
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	ats	Kyats	Kyats	Kyats
Income	447,618	452,094	456,615	461,182	465,793	470,451	75,156	479,907	484,706	489,554
Total Income	447,618	452,094	456,615	461,182	465,793	470,451	75,156	479,907	484,706	489,554
Road Maintenance	72,000	72,000	72,000	86,400	86,400	86,400	36,400	86,400	86,400	86,400
Other Expenditures	27,500	27,500	27,500	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	22,381	22,605	22,831	46,118	46,579	47,045	47,516	47,991	48,471	48,955
Depreciation	153,635	153,635	153,635	153,635	153,635	153,635	53,635	153,635	153,635	153,635
Total Cost	401,115	401,339	401,565	436,753	437,214	437,680	438,150	438,625	439,105	439,590
Gross Profit	46,503	50,755	55,050	24,429	28,580	32,772	37,006	41,282	45,601	49,964
Corporate Tax	13,951	15,227	16,515	7,329	8,574	9,831	11,102	12,385	13,680	14,989
Profit After Tax	32,552	35,529	38,535	17,100	20,006	22,940	25,904	28,897	31,921	34,975

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

နောက်ဆက်တွဲ (၆)
Sheet (3)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	21	22	23	24	25	26	27	28	29	30
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Total Income	494,449	499,394	504,387	509,431	514,526	519,671	524,868	530,116	535,417	540,772
Road Maintenance	86,400	86,400	86,400	95,040	95,040	95,040	95,040	95,040	95,040	95,040
Other Expenditures	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	49,445	49,939	50,439	76,415	77,179	77,951	78,730	79,517	80,313	81,116
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	440,079	440,574	441,073	475,689	476,453	477,225	478,005	478,792	479,587	480,390
Gross Profit	54,370	58,820	63,314	33,742	38,072	42,446	46,863	51,324	55,830	60,381
Corporate Tax	16,311	17,646	18,994	10,123	11,422	12,734	14,059	15,397	16,749	18,114
Profit After Tax	38,059	41,174	44,320	23,619	26,651	29,712	32,804	35,927	39,081	42,267

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Year 24 to 33, 20% from Year 34 to 40.

နောက်ဆက်တွဲ (၆)
Sheet (4)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Projected Profit And Loss Account

(-000)

PARTICULARS	31	32	33	34	35	36	37	38	39	40
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Total Income	546,179	551,641	557,158	562,729	568,356	574,040	579,780	585,578	591,434	597,348
Road Maintenance	95,040	95,040	95,040	99,792	99,792	99,792	99,792	99,792	99,792	99,792
Other Expenditures	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000	25,000
Electricity & Others	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600	20,600
Salary & Wages	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000	75,000
Administration Cost	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000	30,000
Contribution to State	81,927	82,746	83,574	112,546	113,671	114,808	115,956	117,116	118,287	119,470
Depreciation	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635	153,635
Total Cost	481,201	482,021	482,848	516,572	517,698	518,835	519,983	521,142	522,313	523,496
Gross Profit	64,978	69,620	74,309	46,157	50,659	55,205	59,798	64,436	69,121	73,852
Corporate Tax	19,493	20,886	22,293	13,847	15,198	16,562	17,939	19,331	20,736	22,156
Profit After Tax	45,485	48,734	52,017	32,310	35,461	38,644	41,858	45,105	48,384	51,696

Note:

Contribution to State is 5% of Total Income from Year 4 to Year 13, 10% from Year 14 to 23, 15% from Years

(ဃ) **"နေ့ရက်"** ဆိုသည်မှာ ပြက္ခဒိန်နေ့ရက် ဖြစ်ပြီး "နှစ်" ဆိုသည်မှာ ပြက္ခဒိန်နှစ်ဖြစ်သည်။

လုပ်ငန်းတန်ဖိုး

၁၀။ စာချုပ်တွင် ချုပ်ဆိုသည့် လမ်းအပိုင်းအတွက် လမ်းနှင့် တံတား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ (၆၁၄၅.၃၈၂) သန်း (ကျပ် ခြောက်ထောင်တစ်ရာလေးဆယ့်ငါးသန်း သုံးသိန်းရှစ်သောင်းနှစ်ယောင်ဟိပိဟိ) ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်နှင့်တိုးတက်မှု

၁၁။ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုကို အောက်ပါအတိုင်း တင်ပြရပါမည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် လုပ်ငန်းအစီအစဉ်ကို လုပ်ငန်းစတင်သည့်နေ့ မှ (၂)လ အတွင်း " **လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်သွင်းရမည်။

(ခ) " **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လစဉ်တိုးတက်မှုအစီရင်ခံစာ [နှစ်ဖက် (**သက်ဆိုင်ရာ** ဒေသရှိ စစ်ဆေးသော " **လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ အင်ဂျင်နီယာ နှင့် " **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ လုပ်ငန်းဆောင်ရွက်သည့် အင်ဂျင်နီယာ) သဘောတူ၍ လက်မှတ်ထိုးထားသည့်ပုံစံဖြင့်] ကို မိတ္တူ (၆) စုံ ပြုစုပြီး "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်သွင်းရမည်။

စစ်ဆေးခြင်း

၁၂။ လုပ်ငန်းဆောင်ရွက်ရာ၌ လိုအပ်သောအလုပ်သမား၊ ပစ္စည်းများ၊ လျှပ်စစ်၊ **လောင်စာ ၊ သိုလှောင်ခန်းများ၊** စက်ပစ္စည်းကိရိယာများ၊ တန်ဆာပလာများနှင့် လုပ်ငန်းဆောင်ရွက်မှု အစရှိသည်တို့ကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ကလိုအပ်သလို ထိရောက်စွာစစ်ဆေးရန်နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"အထောက်အပံ့ပြုရန်အတွက် စာရွက်စာတမ်းအထောက်အထားများ၊ သတင်းအချက်အလက်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးရမည်၊ လမ်းဖောက်လုပ်ပြုပြင်ခြင်း လုပ်ငန်းပြီးဆုံး၍ လုပ်ငန်းစတင် ဆောင်ရွက်သည့် အချိန်မှ စ၍ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ကောက်ခံရရှိသော လမ်း-တံတားအသုံးပြုခငွေများနှင့် စပ်လျဉ်းသည့် စာရင်းအင်းများအပြည့်အစုံ စနစ်တကျထားရှိရမည်၊ အဆိုပါစာရင်းအင်းများကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ကအခါအားလျော်စွာ စစ်ဆေးခွင့်ရှိရမည်။

ကန့်ကွက်ခြင်း

၁၃။ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပါ လမ်း-တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း (သို့မဟုတ်) ...်မှတ်စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ ချို့ယွင်းမှု (သို့မဟုတ်) ပဋိညာဉ်စာချုပ်နှင့် မကိုက်ညီမှုတွေ့ရှိရပါက ...်**ငန်း လုပ်ကိုင်ခွင့်ပြုသူ**" က ကန့်ကွက်နိုင်သည့်အပြင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"ထံ ချက်ချင်းအကြောင်းကြားရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် ချို့ယွင်းချက်ကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"၏စရိတ်ဖြင့် ကောင်းစွာ ပြန်လည်ဆောင်ရွက် ပေးရန်နှင့် ကန့်ကွက်ခံရသည့်ပစ္စည်းများကို ပဋိညာဉ်စာချုပ်နှင့်အညီ ဖြစ်စေရန် တာဝန်ယူရမည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) "**မလွန်ဆန်နိုင်သောဖြစ်ရပ်**" ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ်များ၊ အစိုးရတားမြစ်ချက်များ၊သပိတ်မှောက်ခြင်းများ၊ သောင်းကျန်းမှုများ၊ အဓိကရုဏ်းများ၊ ရောဂါဘယကျရောက်ခြင်းများ၊ ပြည်သူတို့၏နှောင့်ယှက်ရန်ပြုမှုများ၊ ပေါက်ကွဲမှုများ၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းကျရောက်ခြင်းနှင့် တစ်ဦးဦးက ထိန်းချုပ်နိုင်စွမ်းမရှိသောထိုက်သင့်သောဂရုပြုမှု၊ ဝီရိယစိုက်ထုတ်မှုပြုလျက်နှင့် တစ်ဦးဦးက ကျော်လွှားနိုင်ခြင်းမရှိသော ပေါ်ပေါက်ခဲ့ပြီးသည့်အလားတူ အကြောင်းတစ်ရပ်ရပ်ကို ဆိုလိုသည်။

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်သည် မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် ဤပဋိညာဉ်စာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ရန်(သို့မဟုတ်) အခြားစာချုပ်ဝင်တစ်ဖက်ဖက်၏ဆောင်ရွက်မှုကို လက်ခံရန်လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ယာယီအားဖြင့် လုပ်ဆောင်နိုင်စွမ်းမရှိလျှင် ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိသည့်ဘက်မှ မလွန်ဆန်နိုင်သောဖြစ်ရပ်၏ အသေးစိတ်အကြောင်းအရာများကိုဖော်ပြလျက် လုပ်ဆောင်နိုင်စွမ်း မရှိသောဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်ဝင် တစ်ဖက်သို့ အကြောင်းကြားစာပေးပို့ရမည်၊ ယင်းသို့ အကြောင်းကြားစာပေးပို့ခြင်းကို တစ်ဖက်စာချုပ်ဝင်က လက်ခံသဘောတူမှသာ မလွန်ဆန်နိုင်သောဖြစ်ရပ်မြောက်စေရမည်။

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်၏ အကျိုးသက်ရောက်မှုခံရသည့် စာချုပ်ဝင်တစ်ဖက်၏ တာဝန်များကို အခြား စာချုပ်ဝင်တစ်ဖက်၏အတည်ပြုချက်ဖြင့် ထိုသို့ မစွမ်းဆောင်နိုင်မှုဖြစ်ပေါ်လာသည့် ကာလအတွင်း (ထိုကာလထက်လုံးဝမကျော်လွန်စေဘဲ) ရပ်ဆိုင်းထားရမည်၊ ထို့ပြင်ထိုသို့ မစွမ်းဆောင်နိုင်မှု ဖြစ်ပေါ်ရသည့်အကြောင်းရင်းကို ဖြစ်နိုင်သမျှ ဆောလျင်စွာဖယ်ရှားပစ်ရမည်။

(လုပ်)ငန်းလုပ်ကိုင်ခွင့်ရသူ"၏ပျက်ကွက်မှု

၁၅။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ၏ ပျက်ကွက်မှုနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များမှာ-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ယင်း၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရန်ပျက်ကွက်လျှင်ဖြစ်စေ၊ စာချုပ်ပါလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုလျှင်ဖြစ်စေ၊ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"**၏ကိုယ်စားလှယ်သည် အဆိုပါ ပျက်ကွက်မှုအတွက် သင့်တင့်လျောက်ပတ်သောအချိန်အတွင်း အကောင်းဆုံးပြန်လည်ဆောင်ရွက်ပေးရန်နှင့် ပြုပြင်ပေးရန်အကြောင်းကြားစာပေးပို့နိုင်သည်။

(ခ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**၏ ပျက်ကွက်မှုကြောင့် စာချုပ်တွင် ပြီးစီးရန်သတ်မှတ်ထားသောကာလထက်ကျော်လွန်ပြီးမှလုပ်ငန်းပြီးစီးမှုအတွက် လုပ်ငန်းနှောင့်နှေးကြန့်ကြာရသောရက်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် (၁) ရက်လျှင် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းတန်ဖိုး စုစုပေါင်း (မြန်မာငွေ+US $)၏ (၀.၁)ရာခိုင်နှုန်းကိုပေးသွင်းရမည်၊ စီမံကိန်းတန်ဖိုးတွက်ချက်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုးကို တရားဝင် ငွေလဲလှယ်နှုန်းဖြင့် တွက်ရန်ဖြစ်သည်။

(ဂ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် စာချုပ်တွင် သတ်မှတ်ထားသောကာလအတွင်း စာချုပ်ပါလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**၏လုပ်ငန်းမပြီးစီးသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ်စိစစ်၍ ထပ်မံလုပ်ကိုင်ခွင့်ပေးရန် မသင့်ဟုယူဆပါက စာချုပ်ပါလုပ်ငန်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ သိမ်းယူခွင့်ရှိသည်။

(ဃ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ပဋိညာဉ်စာချုပ်၏ သက်တမ်းကာလအတွင်း လမ်း-တံတားများ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် လမ်း-တံတားအသုံးပြုခများကောက်ခံခြင်း စသည်တို့ကို လမ်းမကြီးများ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါလုပ်ငန်းကို- **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ သိမ်းယူခွင့်ရှိသည်။

ပြောင်းလဲခြင်းများ

၁၆။ ပြောင်းလဲခြင်းများကို အောက်ပါအတိုင်း လိုက်နာရမည်-

(က) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် ပဋိညာဉ်စာချုပ်သက်တမ်းကာလအတွင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"**အား အဆိုပြုလွှာ တင်သွင်းရန် ညွှန်ကြား၍ဖြစ်စေ၊ လိုအပ်သည့်ညွှန်ကြားချက်များထုတ်ပြန်၍ဖြစ်စေ၊ အခါအားလျော်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ လုပ်ငန်းပြောင်းလဲရေးအတွက် အဆိုပြုလွှာတင်သွင်းရန် ညွှန်ကြားသည့်အခါ တင်ပြလာသည့် အဆိုပြုလွှာအပေါ် **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏ ကရားဝင်အတည်ပြုချက်မရရှိမီ ကြိုတင်ဆောင်ရွက်ခြင်းမပြုရ။

(ဂ) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** မှ လုပ်ငန်းပြောင်းလဲဆောင်ရွက်ရေးအတွက် အဆိုပြုလွှာတင်သွင်းရန် တောင်းဆိုလာပါက **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အနေဖြင့် အောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရမည်-

(၁) ပြောင်းလဲအဆိုပြုမည့်လုပ်ငန်း အမျိုးအစားအလိုက် အသေးစိပ်ပုံစံပြုလွှာ လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲတင်ပြရမည်။

(၂) လိုအပ်သောအသစ်ပြုပြင်ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်အပေါ်တွင် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** ၏အဆိုပြုလွှာရေးဆွဲတင်ပြခြင်း။

(၃) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** အနေဖြင့် အဆိုပြုလွှာ လက်ခံရရှိပြီး နောက် (၁၄) ရက်အတွင်းအတည်ပြုအမိန့် (သို့မဟုတ်) ကန့်ကွက်လွှာများ(သို့မဟုတ်) ဆောင်ရွက်ခိုင်းသည့်အမိန့်များ ထုတ်ပြန်ပေးရမည်။

(၄) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် မိမိ ညွှန်ကြားသည့် မည်သည့်လုပ်ငန်းပြောင်းလဲခြင်းမဆို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** အတွက် အပိုကုန်ကျစရိတ်ငွေများ မရှိစေရန် အထူးသတိထားဆောင်ရွက်ရမည်၊ မည်သည့်လုပ်ငန်းပြောင်းလဲခြင်းမှ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** ၏အတည်ပြုချက်မရယူဘဲ ညွှန်ကြားစေခိုင်းခြင်းမပြုရ။

(၅) **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** သည် လုပ်ငန်းပြောင်းလဲခြင်းအား အတည်ပြုပြီး (သို့မဟုတ်)ဆောင်ရွက်ရန် ညွှန်ကြားပြီးတိုင်း ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ကာလအား ပြန်လည်ပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်ချက်(သို့မဟုတ်)သဘောတူညီချက် ရရှိအောင် ဆက်လက်ဆောင်ရွက်ပေးရမည်။

ပဋိညာဉ်စာချုပ်ကိုပြင်ဆင်ခြင်းနှင့် ရပ်စဲခြင်း

အောက်ပါအချက်များပေါ်ပေါက်လာလျှင် ဆောင်ရွက်မည်-

(က) နိုင်ငံတော်မှ ထပ်ပံပြင်ဆင်သတ်မှတ်လိုက်သော ဥပဒေများအရ ဤပဋိညာဉ်စာချုပ်ကို ပြင်ဆင်ဖြည့်စွက်ရန်ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်သည်။

(ခ) ပဋိညာဉ်စာချုပ်ကို အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပါက ရပ်စဲနိုင်သည်-

(၁) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင်။

(၂) စာချုပ်ဝင်တစ်ဦးဦးမှ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ချိုးဖောက်လျှင်။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သောမလွန်ဆန်နိုင်သည့် ဖြစ်ရပ်တစ်ခုခုသည် (၆)လ ဆက်တိုက်ပေါ်ပေါက်လျှင်။

(၄) ဤစာချုပ်ကို ရပ်စဲရန် နှစ်ဦးနှစ်ဖက်သဘောတူလျှင်။

(ဂ) ဤပဋိညာဉ်စာချုပ်ကို ရပ်စဲခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်အတည်ဖြစ်စေရမည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်း

၁၈။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** နှင့် **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** တို့အကြား စာချုပ်နှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ နှစ်ဦးနှစ်ဖက်အကြား ကောင်းစွာမျှတသော ပြေလည်မှုရရှိရေး အတွက် ညှိနှိုင်းခြင်းဖြင့် ပြေလည်အောင်ဆောင်ရွက်ရမည်၊ နှစ်ဦးနှစ်ဖက်အကြား အငြင်းပွားမှုကို ပြေလည်အောင် မဖြေရှင်းနိုင်ပါက ထိုအငြင်းပွားမှုကို အနုညာတနည်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ဖြေရှင်းရမည်၊ အနုညာတ ခုံလူကြီးတစ်ဦးစီကို စာချုပ်ဝင်တစ်ဖက်စီက ခန့်ထားပြီးထိုအငြင်းပွားမှုကို ဖြေရှင်းပါလျက် အငြင်းပွားမှု မပြီးပြတ်ပါက ခုံလူကြီးနှစ်ဦးက နောက်ဆုံးအဆင့် ခုံသမာဓိလူကြီး (Umpire) တစ်ဦးကို နှစ်ဦးသဘောတူရွေးချယ် ဆုံးဖြတ်စေရမည်၊ ခုံလူကြီးနှစ်ဦး (သို့မဟုတ်) ခုံသမာဓိလူကြီး ဆုံးဖြတ်ချက်သည်အပြီးအပြတ် ဖြစ်စေရမည့် အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်၊ အနုညာတခုံဖြင့် ဆောင်ရွက်ရာတွင် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ဆုံးဖြတ်ခြင်း အနုညာတ အက်ဥပဒေ (မြန်မာနိုင်ငံ အက်ဥပဒေ အမှတ်-၄/၁၉၄၄) နှင့် နောက်ပိုင်း ထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီဆောင်ရွက်ရမည်၊ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

ပဋိညာဉ်ပြီးဆုံးခြင်း

၁၉။ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စာချုပ်ပါလုပ်ငန်းကို **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** မှ အပြည့်အဝ ပြီးဆုံးအောင် ဆောင်ရွက်ပြီးစီးသည့်အခါမှသာ ပဋိညာဉ် ပြီးဆုံးသည်ဟု မှတ်ယူရမည်။

လွှဲပြောင်းပေးခြင်း

၂၀။ **"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"** သည် ဤပဋိညာဉ်စာချုပ်အရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ကာလ နှစ်(၄၀) (သို့မဟုတ်)လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သော ကာလများ ပြီးဆုံးပါက အဆိုပါလမ်း နှင့် တံတားများ၊ ဂိတ်များ နှင့် အဆောက်အအုံများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသောကောင်းမွန်သည့် အနေအထား အတိုင်း **"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"** အား အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းပေးရမည်။

စာချုပ်၏ အစိတ်အပိုင်းများ

၂၁။ ဤစာချုပ်ပါ နောက်ဆက်တွဲများသည် စာချုပ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်စေရမည်။

ဆက်သွယ်ရန်လိပ်စာများ

၂၂။ ပဋိညာဉ်စာချုပ်ဝင်များအကြား စာဖြင့်ရေးသားဆက်သွယ်ရန် လိပ်စာမှာအောက်ပါအတိုင်းဖြစ်သည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရုံးအမှတ် (၁၁)

နေပြည်တော်။

နှင့်

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

အမှတ် (၅၂/၁၃)၊ အင်းယားလမ်း၊ အမှတ် (၁၀) ရပ်ကွက်၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ပဋိညာဉ်စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့်သက်တမ်းကာလ

၂၃။ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ဤပဋိညာဉ်စာချုပ်သည် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက်တရားဝင် အတည်ပြုလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ဤပဋိညာဉ်စာချုပ်၏ သက်တမ်းကာလမှာနှစ် (၄၀) ဖြစ်ပြီး သက်တမ်းကိုရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ပေးထားသည့် လုပ်ငန်းကာလ (၃) နှစ်အထိ ပဋိညာဉ်စာချုပ် အပိုဒ် ၂ ပါ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်းကာလ (၃) နှစ်ထက်စော၍ ပြီးစီးပြီး လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ် ထုတ်ပေးသည့်နေ့ ထိုနှစ်ရပ်အနက် စောရာနေ့ရက်ကာလမှ စတင်ရေတွက်သတ်မှတ်ရမည်။

(ဂ) ပဋိညာဉ်သက်တမ်းကာလ ဆက်လက်တိုးမြှင့်လိုပါက ပဋိညာဉ်သက်တမ်းကာလ မစေ့ရောက်မီ (၆) လကြိုတင်၍ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံတင်ပြ၍ နှစ်ဖက်သဘောတူပါက (၁) ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃) ကြိမ် တိုးမြှင့်နိုင်သည်။

စာချုပ်လက်မှတ်ရေးထိုးခြင်း

ဤစာချုပ်ဝင်များသည် ဤစာချုပ်ပါစည်းကမ်းချက်များကိုကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါအသိသက်သေများရှေ့မှောက်၌ ၂၀၁၀ ခုနှစ်၊ လ ( ) ရက်နေ့တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးကြပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးကျော်လင်း)
ဦးဆောင်ညွှန်ကြားရေးမှူး

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
(လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ)အတွက်နှင့်
ကိုယ်စားလက်မှတ်ရေးထိုးသူ

(ဦးရန်နိုင်)
မန်နေးဂျင်းဒါရိုက်တာ
မှတ်ပုံတင်အမှတ် -----------

သက်သေများ

အမည် ----------------------
မှတ်ပုံတင်အမှတ် ---------------
ရာထူး ----------------------

အမည် ----------------------
မှတ်ပုံတင်အမှတ် ---------------
ရာထူး ----------------------

နောက်ဆက်တွဲ (၁၁)

Sheet (1)

နေမင်းရောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Operation Period

Sr No	Designation	No.of Employment	Salary		Yearly (-000)
			Month	Years	
1	Managing Director	1	150,000	1,800,000	1,800
2	General Manager	1	100,000	1,200,000	1,200
3	Deputy General Manager	1	50,000	600,000	600
4	Finance Manager	2	40,000	480,000	960
5	Operation Manager	2	30,000	360,000	720
6	Administration Manager	3	30,000	360,000	1,080
7	Office Staff	10	20,000	240,000	2,400
8	Engineers	5	50,000	600,000	3,000
9	Operation Supervisor	5	30,000	360,000	1,800
10	Skilled Worker	5	30,000	360,000	1,800
11	Semi-Skilled Workers	10	20,000	240,000	2,400
12	Unskilled Workers	35	16,500	198,000	6,930
13	Machine Operators	35	35,000	420,000	14,700
14	Driver	5	15,000	180,000	900
15	Guard Men	10	10,000	120,000	1,200
	Total	130			41,490

နောက်ဆက်တွဲ (၁၁)

Sheet (2)

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

NAY MIN YAUNG CONSTRUCTION CO., LTD.

Construction Period

Sr No	Designation	No.of Employment
1	Managing Director	1
2	General Manager	1
3	Deputy General Manager	1
4	Finance Manager	2
5	Operation Manager	5
6	Administration Manager	5
7	Office Staff	10
8	Engineers	20
9	Operation Supervisor	10
10	Skilled Worker	20
11	Semi-Skilled Workers	50
12	Unskilled Workers	200
13	Machine Operators	40
14	Driver	40
15	Guard Men	20
		425

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၄ - ၂၂ /နပတ (၃၂၈)

ရက်စွဲ၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်

အကြောင်းအရာ။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် B.O.T စနစ်ဖြင့်လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရေးနှင့်လွှဲပြောင်းပေးရေးစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ

ရည် ညွှန်း ချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၉-၆-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၁/ခွဲ -၂ /ထွေ/ ၂၀၁၀(ကုမ္ပဏီ)(စိ ၄၈၇၉)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ သည် တောင်ကြီး-လွိုင်လင်လမ်းပိုင်း(၇၇/၀ မိုင်)ကို B.O.T စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရေးနှင့်လွှဲပြောင်းပေးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့်ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)မှာ ဤရုံး၏ ၃၀-၆-၂၀၁၀ ရက်စွဲပါ စာအမှတ်၊ ၂(၅)၄-၁၈/နပတ/(၂၈၆)ဖြင့်အကြံပြုပြန်ကြားခဲ့သောပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် သာယာဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)နှင့် အလားတူပြုစုထားသည်ကိုတွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်ပါစာဖြင့်ပူးတွဲပေးပို့လာသောစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်းသုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း)အပိုဒ် ၆ အရ ဘဏ်အာမခံထားရှိရမည်ဖြစ်ပြီး ဘဏ်အာမခံအား နောက်ဆက်တွဲ(ခ)အဖြစ်ပူးတွဲထားရာ အဆိုပါ ဘဏ်အာမခံပုံစံသည် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၏ပုံစံဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဘဏ်အာမခံပုံစံသည် သတ်မှတ်

ထားသောဘဏ်အာမခံပုံစံဖြစ်ရန်လိုအပ်ပြီး စာချုပ်(မူကြမ်း)ပါစည်းကမ်းချက်များနှင့် ညီညွတ်ရန်လိုအပ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)တွင် လမ်း-တံတားအသုံးပြုခကောက်ခံရန် ဂိတ်တည်နေရာများကို နောက်ဆက်တွဲ(ခ)ဟုဖော်ပြပြီး တဖန်ဘဏ်အာမခံပုံစံအား နောက်ဆက်တွဲ(ခ)အဖြစ်ပင် ဖော်ပြထားသဖြင့် မှန်ကန်မှုရှိစေရန်ဌာနမှ ပြန်လည်စိစစ်သင့်ပါ သည်၊

(ဂ) လိုအပ်သောနေရာအချို့တွင် မင်နီဖြင့် အနည်းငယ်ပြင်ဆင်ပေးလိုက်ပါသည်။

၃။ ဤစာချုပ်(မူကြမ်း)ကို ဥပဒေကြောင်းအရသာစိစစ်ခြင်းဖြစ်၍ ဥပဒေရေးရာမဟုတ်သည့် ံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါ ကြောင်းဖော်ပြအပ်ပါသည်။

၄။ နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေး အင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့နှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ မိတ္တူ(၁)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁၈.၇.၂၀

ညွှန်ကြားရေးမှူးချုပ်(တာဝန်)(ကိုယ်စား)

(ကျော်ဆန်း၊ ညွှန်ကြားရေးမှူး)

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

(ဂ) နှုန်းထားများကို ဤစာချုပ်အရ မည်သို့ပင် သတ်မှတ်ထားစေကာမူ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် ယာဉ်အမျိုးအစားနှင့် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်၊ သို့ရာတွင် အောက်ဖော်ပြပါယာဉ်များကိုကင်းလွတ်ခွင့်ပြုရန်(သို့မဟုတ်)သင့်လျော်သောအထူးနှုန်းထားဖြင့် ကောက်ခံရန်ဖြစ်ပါသည်–

(၁) သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အထက်အရေးကြီးပုဂ္ဂိုလ်လိုက်ပါလာသည့် ယာဉ်တန်းများ၊ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မီးသတ်ယာဉ်များ၊ သူနာပြုယာဉ်များအပြင် လုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာရသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) မှ လမ်း–တံတားအသုံးပြုခကင်းလွတ်ခွင့်ကဒ်များနှင့် သီးခြားခွင့်ပြုမိန့်လက်မှတ်ပါသည့်ယာဉ်များကို လမ်း–တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၂) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်သွားလာသည့် မော်တော်ယာဉ်များကို လမ်း–တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၃) နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြပြီး၊ အပြစ်ကင်းစွာဖြင့် အငြိမ်းစားယူသွားသောပုဂ္ဂိုလ်ကြီးများနှင့် ၎င်းတို့၏ဇနီးများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တရားဝင်အထောက်အထားအဖြစ် ဂုဏ်ပြုထုတ်ပေးထားသော လမ်း–တံတား အသုံးပြုခ ရာသက်ပန်ကင်းလွတ်ခွင့်လက်မှတ်ကိုင်ဆောင်၍ ကိုယ်တိုင်လိုက်ပါ သွားလာသည့်မော်တော်ယာဉ်များကို လမ်း–တံတားအသုံးပြုခကင်းလွတ်ခွင့်ပြုရန်။

(၄) လုပ်ကိုင်ခွင့်ရလမ်းအပိုင်းရှိဒေသမှပြည်တွင်းစားသုံးမှုအတွက် ဒေသထွက်အခြေခံစားသောက်ကုန်ပစ္စည်းများသယ်ဆောင်လာသည့်မော်တော်ယာဉ်များကို သင့်လျော်သော လမ်း–တံတားအသုံးပြုခနှုန်းထားဖြင့် လျှော့၍ ကောက်ခံရန်။

(၅) နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်သော ပြည်ပထုတ်ကုန်/သွင်းကုန်များကို ဌာနဆိုင်ရာထောက်ခံချက်အထောက်အထားဖြင့် သယ်ဆောင်သွားလာသည့်မော်တော်ယာဉ်များကို သင့်လျော်သော လမ်း–တံတားအသုံးပြုခနှုန်းဖြင့် လျှော့၍ ကောက်ခံရန်။

မိုင်အရှည်၊ နေ့ရက်၊ အချိန်နှင့်ကာလ

၆။ မိုင်အရှည်၊ နေ့ရက်၊အချိန်နှင့် ကာလတို့ကို အောက်ပါအတိုင်းသတ်မှတ်ပါသည်–

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် တောင်ကြီး–လွိုင်လင်–နမ့်စန်လမ်း မိုင် ၁၁၆/၀ မှ ၁၈၉/၀ ထိ ၇၃/၀ မိုင်ကို ပုံစံပြုရန် နှင့် ဖောက်လုပ်တည်ဆောက်ရန်။

(ခ) "**လုပ်ငန်းစတင်သည့်နေ့**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ လုပ်ငန်းစတင်ရန် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ကို အကြောင်းကြားသည့်နေ့ဖြစ်သည်။

(ဂ) "**လုပ်ငန်းကာလ**" ဆိုသည်မှာ–

(၁) ဤပဋိညာဉ်စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားသည့်နေ့မှစ၍ (၃)နှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးရမည်။

(၂) ပေ (၁၀၀)နှင့်အထက်တံတားများ တည်ဆောက်ချိန်ကို (၅)နှစ် သတ်မှတ်ပေးထားပါသည်။

နောက်ဆက်တွဲ (ခ)

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ်လမ်းအပိုင်း
တောင်ကြီး–လွိုင်လင်–နမ့်စန်လမ်းပိုင်း
မိုင် ၁၁၆/၀ မှ ၁၈၉/၀ အထိ (၇၃)မိုင်
လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လမ်းတံတားဂိတ်များ

တောင်ကြီး–လွိုင်လင်–နမ့်စန်လမ်းပိုင်း
အသွားခရီးအတွက်

၁။ ဂိတ်အမှတ် (၁) တောင်ကြီး မှ လွိုင်လင် –တောင်ကြီးဂိတ် မိုင်တိုင် ၁၁၆/၀ မှ ၁၇၃/၀
၂။ ဂိတ်အမှတ် (၂) လွိုင်လင် မှ နမ့်စန် –လွိုင်လင်ဂိတ် မိုင်တိုင် ၁၇၃/၀ မှ ၁၈၉/၀
၃။ ဂိတ်အမှတ် (၃) –နမ့်စန်ဂိတ်

အသွားခရီးအတွက် အမှတ်(၁) နှင့်(၂)မှာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များဖြစ်ပြီး ဂိတ်အမှတ် (၃)အား စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုပါမည်။

နမ့်စန်–လွိုင်လင်–တောင်ကြီးလမ်းပိုင်း
အပြန်ခရီးအတွက်


၁။ ဂိတ်အမှတ် (၃) နမ့်စန် မှ လွိုင်လင် –နမ့်စန်ဂိတ် မိုင်တိုင် ၁၈၉/၀ မှ ၁၇၃/၀
၂။ ဂိတ်အမှတ် (၂) လွိုင်လင် မှ တောင်ကြီး –လွိုင်လင်ဂိတ် မိုင်တိုင် ၁၇၃/၀ မှ ၁၁၆/၀
၃။ ဂိတ်အမှတ် (၁) –တောင်ကြီးဂိတ်

အပြန်ခရီးအတွက် အမှတ်(၃) နှင့်(၂)မှာ လမ်းအသုံးပြုခကောက်ခံရေးဂိတ်များဖြစ်ပြီး ဂိတ်အမှတ် (၁)အား စစ်ဆေးရေးဂိတ်အဖြစ်အသုံးပြုပါမည်။

တောင်ကြီး–လွိုင်လင်–နမ့်စန်လမ်းပိုင်း
တံတားဂိတ်

မိုင်းပွန်တံတားဂိတ်အဖြစ် သီးခြားဆောက်လုပ်ခြင်းမပြုဘဲ မိုင်းပွန်တံတားနှင့်နီးစပ်ရာ လွိုင်လင်ဂိတ် အမှတ်(၂)တွင် တစ်ပေါင်းတည်းပေါင်းကောက်ခံပါမည်။

နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့်
မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း
တောင်ကြီး-လွိုင်လင်-နမ့်စန်လမ်းအပိုင်းအတွင်းရှိ လမ်းအသုံးပြုခကောက်ခံမည့် ဂိတ်တည်နေရာနှင့် ဂိတ်အမည်



(ဇ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့် ဘေး အန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ် အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် (Final Completion Certificate)ရရှိသည်အထိ ပြုလုပ်ပေးရမည်၊ (**Final Completion** Certificate) ရရှိပြီး "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခ ကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ပစ္စည်း၊ ထုတ်ကုန်(သို့မဟုတ်)ကိရိယာတန်ဆာပလာများ ဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး(သို့မဟုတ်)အများကိုလွှတ်လပ်စွာ ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်း လုပ်ကိုင်ခွင့် ရသူ အားလုံးသည် "**လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ**"၏အမည်ကို သာရယူရမည့်အပြင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏သဘောတူ ညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်း ရမည်၊ သို့ရာတွင် ယင်းတို့သည် အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့် မနိမ့် စေရ၊ အဆိုပြုချက်အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက်အသစ်အရ ဆောင်ရွက်ရာ တွင် ဆောက်လုပ်မည့်အချိန်ဇယားသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ**" ၏ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာ အတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့်မြေအား ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ စာဖြင့်ရေးသား ၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုချက်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက် များပါဝင်ရမည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" သည် ယင်းတင်ပြချက်အထောက်အထားများ အပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် "**လုပ်ငန်းလုပ်ကိုင် ခွင့်ရသူ**" သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**"သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏စာဖြင့်ရေးသားထား သောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှား ရမ်းခြင်းမပြုရ။

(ဒ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံမှ လုပ်ငန်း စတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းစီမံကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင်လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သော အနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်းပြန်လည်တည်ဆောက်ရန် လိုအပ်သည့် လမ်း တံတား (လေလံကံတားများ မပါဝင်ပါ)ကုဂ်ိန်းများကိုလည်းကောင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတား အသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့်ပထမ (၃) နှစ်ကာလအတွက် လမ်းအသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရန်ဖြစ်သည်-

(၁) ပထမ (၃)နှစ်အတွက် - ကင်းလွတ်ခွင့်ကာလ

(၂) ၄ နှစ်မြောက်မှ ၁၃နှစ်မြောက်အထိ (၁၀)နှစ် - ၅% ပေးသွင်းရန်

(၃) ၁၄ နှစ်မြောက်မှ ၂၃ နှစ်မြောက်အထိ (၁၀)နှစ် - ၁၀% ပေးသွင်းရန်

(၄) ၂၄ နှစ်မြောက်မှ ၃၃ နှစ်မြောက်အထိ (၁၀)နှစ် - ၁၅% ပေးသွင်းရန်

(၅) ၃၄ နှစ်မြောက်မှ ၄၀ နှစ်မြောက်အထိ (၇)နှစ် - ၂၀% ပေးသွင်းရန်

(၆) ၄၀ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(ဖ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယားများကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ(၃၁) ရက်နေ့အထိ စနစ်တကျတိကျမှန်ကန်စွာပြုစုထားရမည်၊ တစ်နှစ်တာလမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန်တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏နှစ်ဆန်း ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်းအလိုက် ပေးသွင်းရမည့်ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ဖော်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေလွှဲလွှာ (သို့မဟုတ်) မျဉ်းသားချက်လက်မှတ်ဖြင့်ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေပမာဏကိုရက်ပေါင်း(၉၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထားငွေသွင်းချလံ ကို (၇)ရက်အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"ထံ တင်ပြရပါမည်၊ အဆိုပါပေးသွင်းရမည့်သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့် ငွေ (၁၀၀) ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်းပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးတို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေးသွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(မ) ညှိနှိုင်းထားသော ကောက်ခံနှုန်းများအတိုင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ ကောက်ခံရာတွင်အကျိုးအမြတ်မရရှိမှု၊ အရှုံးပေါ်မှုများရှိလာပါက ကောက်ခံသည့်လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်း ပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ သို့ရာတွင် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ၏စာရင်းစစ်အဖွဲ့မှ စိစစ်ထားသည့် (၁)နှစ်ချင်း ဝင်ငွေ ထွက်ငွေ၊ အရှုံးအမြတ် စာရင်းဇယားအတိအကျကို အထောက်အထားနှင့် ပူးတွဲတင်ပြရမည်။

(ယ) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ နှစ် (၄၀) ပြည့်ပြီးနောက် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ အကျိုးအမြတ် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း၊ ကောက်ခံမှုသက်တမ်းကာလကို (၁)ကြိမ်လျှင်(၅)နှစ်စီဖြင့်(၃)ကြိမ်သက်တမ်းတိုးမြှင့်၍ ကောက်ခံခွင့်ရရှိရေးအတွက် "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်ပြနိုင်သည်။

(ရ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့် မပြုရ။

(လ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် တရားဝင်ကိုယ်စားလှယ်ခန့်ရန် ရည်ရွယ်သူ(များ)၏အမည်၊ ကိုယ်ရေးအချက်အလက်များကို လုပ်ငန်းစတင်ရန် အကြောင်းကြားစာ ထုတ်ပေးသည့်နေ့မှ (၁၄)ရက်အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ တင်ပြရမည်။

(ဝ) ယင်းကိုယ်စားလှယ်သည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့် အထောက်အထားများ ပြင်ဆင်ထားရှိခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို အချိန်ပြည့်ဆောင်ရွက်ပေးရမည်။

(သ) ယင်းကိုယ်စားလှယ်သည် လုပ်ငန်းခွင်မှ ပျက်ကွက်သည့်အခါ သင့်တော်သူတစ်ဦးကို အစားထိုးခန့်ထားပြီးနောက် အစားထိုးခန့်ထားကြောင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံ အကြောင်းကြားရမည်။

လုပ်ငန်းအာမခံ (Performauce Bank Guarantee)

၆။ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် စာချုပ်ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" ထံသို့ပေးအပ်ရမည်၊ အဆိုပါ ဘဏ်အာမခံ၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်သည့်အထိဖြစ်သည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" [illegible] လုပ်ငန်းစတင်ရန်အကြောင်းကြားစာရရှိပြီး (၃၀) ရက်အတွင်း လုပ်ငန်း စတင်ရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ရန် အပါအဝင် စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဘဏ်အာမခံငွေကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က သိမ်းယူရမည်၊ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးပြီး ရက်ပေါင်း(၃၀)အတွင်း "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" ထံ ပြန်လည်ထုတ်ပေးရမည်။

လမ်း-တံတားအသုံးပြုခကောက်ခံခြင်း

၇။ လမ်း-တံတားအသုံးပြုခကောက်ခံရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" မှ အဆိုပြုတင်ပြလာသည့်လမ်းအပိုင်းကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**" က သဘောတူပါက လမ်း-တံတားအသုံးပြုခ ကောက်ခံသည့်ဂိတ်ကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က အဆင့်မီအောင် Steel, Aluminium, Brick Structure or Composite တို့ဖြင့်စနစ်တကျတည်ဆောက်ရမည်။ [ဂိတ်တည်နေရာကို**နောက်ဆက်တွဲ(ခ)**ပါအတိုင်း]

(ခ) လမ်း-တံတားအသုံးပြုခ ကောက်ခံခွင့်ပြုထားသော လမ်းမကြီးနှင့် ဆက်သွယ်နေသည့် အခြားလမ်းများမှ မော်တော်ယာဉ်များအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် လိုအပ်သည့် နေရာများတွင် အဆင့်မီ ဂိတ်များ တည်ဆောက်ခွင့်ပြုသည်၊ "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က လိုအပ်၍ တင်ပြလာလျှင် ဂိတ်(၁)ဂိတ်ထက်ပို၍ ကည်ကောက်ခွင့်ပြုမည်။

(ဂ) လမ်း-တံတားအသုံးပြုခကို လမ်းအပိုင်းလိုက် မိုင်အရှည်နှင့် လမ်းအသုံးပြုခ(၁)မိုင်နှုန်း မြှောက်၍ ရသည့်ကျသင့်ငွေစုစုပေါင်းကို ဂိတ်ပုငွေလက်ခံဖြတ်ပိုင်းပေး၍ တစ်ပေါင်းတည်းကောက်ခံရမည်။

(ဃ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် မိမိအားခွင့်ပြုထားသည့် လမ်းအပိုင်းတစ်လျှောက်တန်ပိုကြေးအား(၂၀)တန်အထက်တန်ပို(၁)တန်အတွက်(၁)မိုင်ကို (၈/၂၆)ကျပ်နှုန်းထားဖြင့် (၁)ကြိမ်သာ ကောက်ခံခွင့်ရှိသည်။

(င) လမ်း-တံတားအသုံးပြုခကောက်ခံရန် ခွင့်ပြုသည့်နေရာတိုင်းတွင် ကုန်ချိန်ကတ္တားတည်ဆောက်ခွင့်ပြုမည်မဟုတ်ပါ။

(စ) လမ်း-တံတားအသုံးပြုခကောက်ခံရန် တည်ဆောက်ထားသော ဂိတ်အဝင်အထွက်နေရာများသည် အနည်းဆုံး (၄)လမ်းသွား အဆင့်မီ ဖြစ်ရမည်။

(ဆ) မလိုလားအပ်သောအုပ်ချုပ်မှုကိစ္စများမဖြစ်ပေါ်စေရန်အတွက် လမ်း-တံတားအသုံးပြုခကောက်ခံသည့်ဂိတ်များကို လုံခြုံရေးဂိတ်အဖြစ် အသုံးမပြုရ။

(ဇ) "**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ**"၏ သဘောတူညီချက်ဖြင့် ယာဉ်သွားလမ်းအားလုံးနှင့် သတ်မှတ်မိုင်အရှည်ကို ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းပြီး၍ လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ရရှိပါက လမ်းအသုံးပြုခကို "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" က စတင်ကောက်ခံနိုင်သည်။

လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းများ

၈။ လမ်း-တံတားအသုံးပြုခကောက်ခံနှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လမ်းအသုံးပြုခကောက်ခံနှုန်း**။ လမ်းအသုံးပြုခကောက်ခံသော ဂိတ် (၁) ဂိတ်ကို ယာဉ်တစ်စီးဖြတ်သွားတိုင်းပေးဆောင်ရမည့် လမ်းအသုံးပြုခနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	၁ တန်အောက် ယာဉ်ငယ်များ	-	၁ မိုင်လျှင်	၄/၁၃	ကျပ်
(၂)	၁ တန်မှ ၃ တန်ထိ ယာဉ်များ	-	၁ မိုင်လျှင်	၁၂/၃၉	ကျပ်
(၃)	၅ တန်အောက် ကားကြီးများ	-	၁ မိုင်လျှင်	၂၀/၆၅	ကျပ်
(၄)	၁၀ တန်အောက် ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၄၁/၃၀	ကျပ်
(၅)	၂၀ တန်အထိ ကုန်တင်ယာဉ်ကြီးများ	-	၁ မိုင်လျှင်	၈၂/၅၉	ကျပ်
(၆)	၂၀ တန်အထက် တန်ပို ၁ တန်လျှင်	-	၁ မိုင်လျှင်	၈/၂၆	ကျပ်

(ခ) **တံတားအသုံးပြုခကောက်ခံနှုန်း**

(၁) "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" သည် ခွင့်ပြုထားသောလမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ(၁၈၀)နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသောတံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" နှင့် "**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**" တို့၏ညှိနှိုင်းသဘောတူညီသည့်နှုန်းထားဖြင့်သာ ကောက်ခံရန်ဖြစ်သည်။

နောက်ဆက်တွဲ (က)

နည်းပညာဆိုင်ရာ စံညွှန်းသတ်မှတ်ချက်များ

TECHNICAL SPECIFICATIONS

In general, the Geometric Design Criteria and Standards to be adopted shall be guided by the traffic volume and to a reasonable level of service. All works shall be constructed to specification and to acceptable engineering standards.

The following Geometric Design Criteria and Standards shall be followed -

1. Design Speed (m.p.h)		
Rural Areas	50	
Urban Areas	40	
2. Number of Lanes	2	(Bituminous)
3. Width of each lanes (feet)	12'	
4. Right of way (feet)	200'	
5. Width of shoulder (feet) (Hard Shoulders)	4'~7'	
6. Width of formation (feet)	80'	
7. Maximum Grade (%)	4	
8. Vertical Clearance (feet)	17	
9. Bridge Loading	AASHTO HS 20-44	
10. Pavement Load (Maximum)	60 tons	

နောက်ဆက်တွဲ (က - ၁)

